# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁ ရက်၊ သောကြာနေ့။ Friday 13 July 2018 ၉၃၄၆




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ(၂) အက်စ်ဂွမ်မော်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များ**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဥက္ကဋ္ဌ ဦးဆေးထင်၊ မိုင်းလားအထူးဒေသ(၄) (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ(၂) အက်စ်ဂွမ်မော်တို့အား ယနေ့ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ တားခူးလန်း၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်- **စာမျက်နှာ ၅ ကော်လံ ၁ သို့**

**ထစ်ချုန်းမိုး (၁၃-၇-၂၀၁၈)**

| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ |

**နိုင်ငံကြီးသားအမည်ရှိ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင် လာရောက်ရိုက်ကူး**

စာမျက်နှာ - ၁၁




# ကြေးမုံ

## ပြည်သူများက စောင့်ကြည့်နေ

"ကျွန်မတို့အစိုးရရဲ့ ရေရှည်မျှော်မှန်းချက်က ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နေကြရပြီလို့ ယုံကြည်ပါတယ်၊ ကျွန်မတို့ မျိုးဆက်သစ်တွေအတွက် စစ်မက်ကင်းစင်ပြီး ငြိမ်းချမ်းတည်ငြိမ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ဖို့၊ ကျွန်မတို့ရှေ့က ခေါင်းဆောင်ကြီးတွေ အားလုံးရဲ့ မျှော်မှန်းချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့၊ စစ်မက်ပဋိပက္ခတွေကြားမှာ နစ်မွန်းနေခဲ့ရတဲ့ မျှော်လင့်ချက်တွေကို လင်းလက်တောက်ပလာစေဖို့ ကျွန်မတို့ မလျှော့တဲ့ စိတ်အင်အားနဲ့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ခေတ်အဆက်ဆက် မျှော်လင့်ခဲ့ရပြီး ဝေးကွာခဲ့ရတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့ ကျွန်မတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားလိုပါတယ်၊ ဘယ်သူတွေဟာ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားတယ်၊ ဘယ်သူတွေဟာ ပြည်ထောင်စုအကျိုးကို ကိုယ့်အကျိုး၊ ကိုယ့်အစုအဖွဲ့အကျိုးထက် တန်ဖိုးထားတယ်ဆိုတာ ဒီ(၂၁)ပင်လုံညီလာခံ အစည်းအဝေးတွေမှာ ပေါ်လွင်လာမှာပါ၊ ပြည်သူတွေက ကြည့်နေကြပါတယ်၊ ပြည်သူတွေက သိလာကြမှာပါ"ဟု နိဂုံးချုပ်အမှာစကားတွင် အသိပေးပြောကြားထားသည်။

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရ၏ ရေရှည်မျှော်မှန်းချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဖြစ်သည်။ လက်ရှိတွင် အဆိုပါမျှော်မှန်းချက်ကို တတိယအစည်းအဝေးအစတွင် လင်းလင်းလက်လက် မြင်တွေ့လာရပြီဖြစ်သည်။ ထိုသို့ အကောင်အထည်ပေါ်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက် သက်သက်မဟုတ်ဘဲ အနာဂတ်မျိုးဆက်သစ်များအတွက် တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေး၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့သည့် ရှေ့သွားခေါင်းဆောင်များ၏ မျှော်မှန်းချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး၊ စစ်ပွဲများကြားတွင် မြေစာပင်ဖြစ်ခဲ့ကြရသည့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက် အလင်းရောင်များ ပေါ်ထွက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက အားကြိုးမာန်တက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များမှာ နှစ်ပေါင်းရှည်ကြာခဲ့ရပြီး ပြည်သူလူထု ငံ့လင့်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို စုစည်းညီညွတ်သော စွမ်းအားများဖြင့် မျက်ခြည်မပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော အင်အားစုအသီးသီးအနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ မျှော်လင့်ချက်နှင့် ထပ်တူလှုပ်ရှားသက်ဝင် ပါဝင်လာကြပြီဖြစ်ရာ ယခုတတိယအစည်းအဝေးကြီးအပြီးတွင် ငြိမ်းချမ်းရေး တစ်ဆင့်တက်ခရီးအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ အင်အားစုများအနေဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးတို့ကို ဦးတည်ရည်မှန်းကာ တညီတညွတ်တည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်တက်ရောက်ဆွေးနွေးနေကြပြီဖြစ်၍ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အင်အားစုတို့က ထာဝရငြိမ်းချမ်းရေး၊ ပြည်ထောင်စုကြီး အရေးတို့အား ပိုမိုတန်ဖိုးထားလိုလားနှစ်သက် ဆောင်ရွက်နိုင်ကြလိမ့်မည်ကို တစ်နိုင်ငံလုံးမှ တိုင်းရင်းသားပြည်သူတို့က စောင့်ကြည့်အကဲခတ် လေ့လာသုံးသပ်နေကြပါကြောင်း။ ။

## ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုသုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ် (စီမံ)၊ ဧည့်ပါမောက္ခများ၊ ပါမောက္ခ (ဌာနမှူးများ)၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက ဆရာဆရာမများ၏ သုတေသန အရည်အသွေးမြင့်မားစေရန်နှင့် နိုင်ငံအကျိုးပြု သုတေသနစာတမ်းများ ပေါ်ထွက်စေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု ပုံရိပ်ကောင်းစေရန် အကျိုးပြု သုတေသနစာတမ်းများ ပြုလုပ်ရန် လိုအပ်ကြောင်း၊ တက္ကသိုလ် အချင်းချင်း အဆင့်သတ်မှတ်ရာတွင် သုတေသနသည် အရေးကြီးကြောင်း၊ သုတေသနပြုလုပ်ခြင်းဖြင့် စွမ်းဆောင်ရည်များ မြင့်မားလာပြီး သင်ကြားရေးတွင် ပိုမိုအထောက်အကူပြုနိုင်ကြောင်း၊ နောင်တွင် ယခုထက် ပိုမိုကောင်းမွန်သည့် အကျိုးပြု သုတေသနစာတမ်းများ ပေါ်ထွက်လာနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းခဲ့သည်။

အခမ်းအနားတွင် စာတမ်းရှင် ၁၃ ဦးမှ ဘာသာရပ်အကျိုးပြုစာတမ်း ကိုးစောင်၊ ဒေသအကျိုးပြုစာတမ်း သုံးစောင်နှင့် တက္ကသိုလ်အကျိုးပြု စာတမ်းတစ်စောင်တို့ကို ဖတ်ကြားခဲ့ကြပြီး ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် သဘာပတိနှင့် စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ဇွန်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၀၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး ရည်ရွယ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင် ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ဇွန်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၀၆၅ ဦး၊ ပုဂ္ဂလိက အလုပ်အကိုင် ၂၀၅၉၅ ဦး စုစုပေါင်း ၂၁၆၆၀ ဦး ရရှိခဲ့သည်။

ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ဇွန်လအတွင်း မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ယူအေအီး၊ ဂျော်ဒန်နိုင်ငံ၊ ကာတာနိုင်ငံ၊ မကာအို တို့သို့ စုစုပေါင်း ၁၇၆၈၈ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၄၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၁၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၄. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၄၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၀. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## လူငယ်နှင့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၂**

ဆင်ပေါင်ဝဲမြို့၌ လူငယ်နှင့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဦးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းနှင့် တာဝန်ရှိသူများက လူငယ်များနှင့်သက်ဆိုင်သော တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်



ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Dr. Peter JAKAB အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Dr. Peter JAKAB နှင့် မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီး H.E. Mr. Brendan Gerard Rogers တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်ရေးဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မှုများအား ထောက်ခံပေးနေမှု၊ ပညာရေးကဏ္ဍတွင် အကူအညီများပေးအပ်နေမှုနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်**

မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နေမှုနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဗြိတိန်သံအမတ်ကြီး H.E. Mr. Daniel Patrick Chugg အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး၊ ရေရှည်ပဋိပက္ခကင်းဝေးပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး UNDP၊ UNHCR တို့နှင့် ရှေ့ဆက်လက်ပါဝင်ကူညီဆောင်ရွက်မှုအခြေအနေများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြိမ်(၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ အကြိမ် (၈၀)မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်ကြမည်**

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ လူငယ် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၂** - ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီဝင်များအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) ကော်မတီဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် CSO Forum ၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်း(CSO)များ၏ ပံ့ပိုးကူညီဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ အစည်းအဝေးများသို့ CSO Forum ကိုယ်စားလှယ်များပါဝင်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်(UCCPF)ကော်မတီဝင်များဖြစ်ကြသည့် ဒေါ်ဆောင်းဝင်း(ကချင်ပြည်နယ်)၊ နော်တကောဖူး(ကရင်ပြည်နယ်)၊ ဦးကျော်မိုးလှိုင်(စစ်ကိုင်းတိုင်းဒေသကြီး)၊ ဒေါ်ခိုင်ခိုင်လဲ့မြင့်(မွန်ပြည်နယ်)၊ ဦးဝင်းမြင့်ထွေး(မကွေးတိုင်းဒေသကြီး)၊ ဦးစိုးဌေး(မန္တလေးတိုင်းဒေသကြီး)၊ မိုင်စုစုလှိုင်(ရခိုင်ပြည်နယ်)၊ နန်းနုစံပယ်ဖြူ(ရှမ်းပြည်နယ်)၊ ဒေါ်ဥမ္မာကျော် (ရန်ကုန်တိုင်းဒေသကြီး)၊ ဦးဇင်မျိုးအောင်(ပဲခူးတိုင်းဒေသကြီး)၊ ဦးစိုးလှိုင်ဦး(ဧရာဝတီတိုင်းဒေသကြီး)၊ ဦးမိုးသူအောင် (တနင်္သာရီတိုင်းဒေသကြီး)၊ ဒေါ်သီတာဦး(လူရည်ချွန်ကွန်ရက်)၊ ဦးကျော်ဇင်(အလုပ်သမားကွန်ရက်)၊ ဦးရဲလွင်စိုး (အလုပ်သမားကွန်ရက်)နှင့် ဦးမြတ်သူဝင်း (မသန်စွမ်းသူများကွန်ရက်)တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပဧည့်သည်အဖွဲ့ တို့အား သီးခြားစီလက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၏ ညွှန်ကြားရေးမှူး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Haoliang Xu အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr. William Lacy Swing အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဗျူရို၏ ညွှန်ကြားရေးမှူး ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Haoliang Xu အား ယနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်သူများအဖွဲ့ (IOM) ၏ ညွှန်ကြားရေးမှူးချုပ် Mr. William Lacy Swing အား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

Mr. Haoliang Xu နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ UNDP နှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးကိစ္စ၊ မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီပေးရေး မူဘောင် အပြီးသတ်ရေးဆွဲနိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့အကြား လက်ရှိနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

Mr. William Lacy Swing နှင့်တွေ့ဆုံစဉ် IOM က ဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘက်မှ လိုအပ်သည့် အကူအညီများကို IOM က ဆက်လက်အကူအညီပေးရေးကိစ္စ၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးကိစ္စ၊ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

❂ ရှေ့ဖုံးမှ

ကိုးကန့်တပ်ဖွဲ့ (MNDAA)မှ ဦးရန်ဝင်ကျိုးနှင့် ရက္ခိုင့်တပ်မတော်(AA)တို့မှ ဦးညိုထွန်းအောင်တို့အား ယနေ့ ညနေ ၄ နာရီခွဲတွင်လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအားတွေ့ဆုံစဉ် ပဋိပက္ခများလျှော့ချနိုင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ဒေသထွက်လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ၎င်းတို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ တားခူးလန်း၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် - ကိုးကန့်တပ်ဖွဲ့ (MNDAA)မှ ဦးရန်ဝင်ကျိုးနှင့် ရက္ခိုင့် တပ်မတော်(AA)မှ ဦးညိုထွန်းအောင်တို့အား လက်ခံတွေ့ဆုံစဉ်။**

# တိုင်းရင်းသားလက်နက်ကိုင် ခုနစ်ဖွဲ့အား NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပုံစံနှစ်မျိုးဖြင့် ချဉ်းကပ်တွေ့ဆုံမည်

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မြောက်ပိုင်းမဟာမိတ်ခုနစ်ဖွဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ဖွဲ့ခွဲ၍ တွေ့ဆုံခဲ့သည့် အကြောင်းအရာများ၊ လက်မှတ်ရေးထိုးခြင်း မပြုသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များ NCA လက်မှတ်ရေးထိုးနိုင်ရေး၊ တပ်မတော်နှင့် RCSS တို့ ဖြစ်ပွားလျက်ရှိသည့် ထိတွေ့မှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယနေ့ ညနေ ၅ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ UPDJC အတွင်းရေးမှူးများက သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းသည်။

ညီလာခံဒုတိယနေ့တွင် အစိုးရအစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့တို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများအတွက် သီးခြားစီ ဆွေးနွေးခဲ့ကြပြီး NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ်နှင့် အလွတ်သဘောဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့ညနေ ၃ နာရီခွဲနှင့် ၄ နာရီတို့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခုနစ်ဖွဲ့တို့အား နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ဦးဇော်ဌေးက "၃ နာရီခွဲမှာ UWSA ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ SSPP က နာယက ဦးဆေးထင်၊ မိုင်းလားအထူး(၄) NDAA က ဒုတိယဥက္ကဋ္ဌ ဦးစံပေ့၊ KIO ဒုတိယဥက္ကဋ္ဌ(၁) အက်စ်ဂွမ်မော်တို့နဲ့ တွေ့တယ်၊ ၄ နာရီခွဲမှာတော့ TNLA က တားခူးလန်း၊ MNDAA က ဦးရန်ဝင်ကျိုးနဲ့ AA က ဦးညိုထွန်းအောင်တို့နဲ့ တွေ့ပါတယ်။ အဓိကအားဖြင့် ဆွေးနွေးတာက NCA ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံမှာ ပါဝင်လာရေးကို ဆွေးနွေးပါတယ်"ဟု ပြောသည်။

AA၊ MNDAA၊ TNLA သုံးဖွဲ့သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(NCCT)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ဆွေးနွေးစဉ်က မြောက်ပိုင်းလောက်ကိုင်တိုက်ပွဲများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျန်ရှိနေခဲ့သူများဖြစ်သည်။

"သူတို့က NCCT နဲ့ NCA ဆွေးနွေးစဉ်က မြောက်ပိုင်းလောက်ကိုင်မှာ တိုက်ပွဲတွေဖြစ်လာပြီး ကျန်ခဲ့တဲ့သူတွေဖြစ်တယ်။ NLD အစိုးရတက်လာချိန်မှာ AA၊ MNDAA နဲ့ TNLA ကို ဆွေးနွေးတယ်။ အချက်နှစ်ချက်ကြောင့် ကျန်ခဲ့တယ်။ တစ်အချက်က ကြေညာချက်ထုတ်ရမယ်။ နှစ်အချက်က Under Ground ကနေထွက်ရမယ်ဆိုတဲ့အရာပေါ့။ အဲဒီနှစ်ခုသာရရင် NCA ထိုးဖို့ ဆက်ဆွေးနွေးမယ်ဆိုပြီး ပြောခဲ့တယ်။ အခုတော့ ဒီအတိုင်း မဟုတ်တော့ဘူး။ ချဉ်းကပ်မှုအသစ်နဲ့ သွားမယ်။ အခုလည်းသူတို့က NCA ထိုးချင်တယ်"ဟု ဦးဇော်ဌေးက ပြောသည်။

AA၊ MNDAA နှင့် TNLA သုံးဖွဲ့ NCA သို့ ပါဝင်လာနိုင်ရေးအတွက် ညီလာခံတတိယအစည်းအဝေးအပြီးတွင် ညှိနှိုင်းသွားမည်ဖြစ်သော်လည်း KIA၊ UWSA၊ NDAA၊ SSPP တို့နှင့် တန်းတူဆွေးနွေးမည်မဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခုနစ်ဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဇူလိုင် ၁၁ ရက်က နှစ်ဖွဲ့ခွဲ၍ တွေ့ဆုံခဲ့သည်။

"AA၊ MNDAA နဲ့ TNLA သုံးဖွဲ့ကို ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တွေ့တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီသုံးဖွဲ့က တိုက်ပွဲတွေဖြစ်နေလို့၊ နောက်သူတို့က နှစ်ဖက်သဘောတူစာချုပ် ချုပ်တာမျိုး ရှိမထားဘူး။ KIA၊ SSPP၊ UWSA၊ NDAA က နှစ်ဖက်သဘောတူစာချုပ် ချုပ်တာမျိုးရှိထားတယ်။ အဲဒီလို အနေအထားကွာခြားတော့ ပဋိပက္ခလျှော့ချရေး NCA ကို ဘယ်လိုသွားမလဲ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဓိကက NCA ထိုးဖို့ပဲ ဆွေးနွေးသွားတယ်"ဟု ဦးဇော်ဌေးထံမှ သိရသည်။

အစိုးရအနေဖြင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အား ပုံစံနှစ်မျိုးဖြင့် ချဉ်းကပ်မည်ဖြစ်ပြီး ညီလာခံတက်ရောက်ရန် ဖိတ်ခေါ်ခြင်းသည် တပ်မတော်နှင့် တိုက်ပွဲများလျော့ကျရေး၊ အစိုးရနှင့် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။

ဦးဇော်ဌေးက "ညီလာခံပြီးရင် တိုက်ပွဲလျော့ကျအောင်နဲ့ နှစ်ဖက်ယုံကြည်ရအောင် တတိယနဲ့ စတုတ္ထ ညီလာခံမတိုင်မီ ကြားထဲမှာ NCA လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေ တိုးလာမယ်လို့ မျှော်လင့်ထားတယ်"ဟု ပြောသည်။

RCSS နှင့် တပ်မတော် ထိတွေ့မှုများ ဖြစ်ပွားနေခြင်းသည် နှစ်ဖက်သဘောတူစာချုပ်များ ချုပ်ဆိုထားသော်လည်း နယ်မြေသတ်မှတ်မှုများကျော်လွန်လာ၍ ထိတွေ့မှုဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ အပစ်ရပ်နယ်မြေသတ်မှတ်မှုများကို တိတိကျကျ ဆောင်ရွက်ပြီးပါက ထိတွေ့မှုများ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ၂၀၁၉-၂၀၂၀ အချိန်သတ်မှတ်၍ ငြိမ်းချမ်းရေးရည်မှန်းချက်ထားခြင်းသည် နှစ်ရှည်လများ အချိန်မဆွဲရန်၊ အခြားအကျိုးစီးပွား အမျိုးမျိုးနှင့် ငြိမ်းချမ်းရေးအပေါ် စိတ်အားထက်သန်မှုလျော့ကျခြင်းမျိုး ဖြစ်မလာနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

"အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ၂၀၁၉ သတ်မှတ်ချက်ကို မီချင်တယ်ဆိုရင် အစိုးရတစ်ဖက်တည်းက ဆောင်ရွက်လို့မရဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဘက်က မလုပ်ချင်ဘူးဆိုရင် အကြောင်းအမျိုးမျိုးပြပြီး အဆင်မပြေတာတွေ ဖြစ်လာနိုင်တယ်။ နိုင်ငံရေးပါတီလည်း ဒါကို မဖြစ်ချင်ရင် အကြောင်းအမျိုးမျိုးပြလို့ရတယ်။ ဒါကြောင့် ရည်မှန်းချက်တွေအပေါ် သန္နိဋ္ဌာန်နဲ့လုပ်ဖို့၊ စိုးရိမ်မှုမရှိဖို့ ပြောတာပါ"ဟု ဦးဇော်ဌေးက ဆိုသည်။

ယနေ့ပြုလုပ်သည့် ရှင်းလင်းပွဲတွင် UPDJC အတွင်းရေးမှူးများဖြစ်ကြသည့် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ရဲဘော်မျိုးဝင်းနှင့် စိုင်းကျော်ညွန့်တို့က သတင်းမီဒီယာများအား တွေ့ဆုံဖြေကြားခဲ့ခြင်းဖြစ်သည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**




## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့(အာဇာနည်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူ ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


**ဇူလိုင် ၉ ရက်က လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း သီရိမင်္ဂလာဈေးအတွင်းရှိ ဈေးဓမ္မာရုံ၌ ပိတောက်ချောင်းနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းမင်းထွန်းက မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေးအတွက် ဈေးတာဝန်မှူး ဦးစန်းမင်းနှင့် ဈေးသူ ဈေးသား ၈၀ တို့အား အသိပညာပေးဟောပြောစဉ်။**

မီးမီး(လှိုင်)



# တောင်တန်း-ပြည်မ မခွဲခြားရေး၊ ရှမ်း- ဗမာသွေးစည်းညီညွတ်ရေးတို့အတွက် အသက်ပေးကာ ဆောင်ရွက်ခဲ့သည့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း

**သတင်းဆောင်းပါး - သီသီမင်း**

**ဓာတ်ပုံ - အေးမင်းသူ(ကြေးမုံ)**

"အဖေ ဆုံးတော့ ဇူလိုင်လ ၂၀ ရက်နေ့ပါ၊ ဇူလိုင်လ ၁၉ ရက်နေ့ လုပ်ကြံခံရပြီး ဒဏ်ရာနဲ့ ရန်ကုန်ဆေးရုံကြီး ရောက်တော့မှ သွေးလွန်ပြီးဆုံးရတာလို့ ပြောသံ ကြားခဲ့ရတော့ စိတ်မကောင်းဖြစ်မိတယ်"ဟု မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ တတိယမြောက်သားဖြစ်သူ ဦးစဝ်ကိုင်ဖက ငယ်စဉ်က ကြားသိခဲ့ရသည့် ဖခင်၏ အကြောင်းကို ပြောပြသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည့် အထဲတွင် ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရရှိသော သေနတ်ဒဏ်ရာများဖြင့် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည်။

"အဖေဆုံးတော့ ကျွန်တော်က ၁၀ နှစ်သား၊ အမေမရှိတော့တဲ့အချိန် အဖေကလည်း ဆုံးခဲ့ပြန်တယ်၊ အဲဒီတုန်းက ကျွန်တော်တို့က တောင်ကြီးမှာနေတာ၊ အမေရဲ့ အစ်ကို မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုက မောင်နှမတွေကို ရန်ကုန်ခေါ်ပြီး အုပ်ထိန်းသူအဖြစ် စောင့်ရှောက်ခဲ့တယ်၊ ပညာသင်ပေးခဲ့တယ်"ဟု သားဖြစ်သူ ဦးစဝ်ကိုင်ဖက ပြောပြသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကို မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီနန်းစိန်ဥတို့မှ ၁၉၀၇ ခုနှစ် မေလ ၃၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။

မိုင်းပွန်စော်ဘွားကြီ စဝ်စံထွန်းသည် တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်ခဲ့ပြီး ရဲအတတ်သင်ကျောင်းတွင် တက်ရောက်ခဲ့သည်။ စော်ဘွားအဖြစ် ၁၉၂၈ ခုနှစ်တွင် အခမ်းအနားဖြင့် ခံယူခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏ သမီး စဝ်ခင်သောင်းနှင့် လက်ထပ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် စာဖတ်ဝါသနာပါသည့်အပြင် ဂီတကိုလည်း နှစ်သက်သည်။ အကော်ဒီယံခေါ် လက်စွဲဘာဂျာနှင့် ဝါးပတ္တလားကို ကျွမ်းကျင်စွာ တီးခတ်နိုင်သည်။ မိမိလူမျိုး၏ စာပေကိုလည်း ချစ်မြတ်နိုးသူတစ်ယောက်ဖြစ်သည့်အပြင် ရှမ်း-ဗမာ သွေးစည်းညီညွတ်ရေးကို အထူးစိတ်ဝင်စားရုံသာမက ဖြစ်မြောက်အောင် လူပင်ပန်း၊ စိတ်ပင်ပန်းခံကာ ကြိုးစားခဲ့သူတစ်ဦးလည်း ဖြစ်သည်။

မိုင်းပွန်စော်ဘွားကြီးသည် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို လုံးဝရှောင်ကြဉ်သူဖြစ်သည်။ ကျန်းမာရေးကို အထူးဂရုစိုက်၍ နေ့စဉ် နံနက်စောစောထ လမ်းလျှောက်လေ့ရှိသည့်အပြင် သိုင်းကစားခြင်း၊ မြင်းစီးခြင်း၊ ရေကူးခြင်းစသည့် အားကစားနည်းများကိုလည်း ခုံမင်သူဖြစ်သည်။

"အဖေက မြင်းစီးလည်း ဝါသနာပါတယ်၊ ရေမကူးတတ်ရင်လည်း ကူးတတ်အောင်သင်ပေးတယ်၊ အဖေက နိုင်ငံရေးလုပ်နေပေမယ့် သားသမီးတွေကိုလည်း အလွန်ဂရုစိုက်တယ်၊ ကလေးတွေနဲ့ ထမင်းအတူ စားပြီးမှ အစည်းအဝေးသွားလေ့ရှိတယ်"ဟု ဦးစဝ်ကိုင်ဖက ပြောပြသည်။

ထို့ပြင် မိုင်းပွန်စော်ဘွားကြီးသည် ရှမ်းပြည်နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးလုပ်ငန်းများ ထွန်းကားလာစေရန် ကြိုးပမ်းခဲ့သူတစ်ဦးလည်း ဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီစာအုပ်များ၊ ကိရိယာတန်ဆာပလာများနှင့် သီးနှံမျိုးစေ့များကို မှာယူခဲ့ဖူးသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာနဲ့ဆိုင်တဲ့ စာအုပ်တွေ ဖတ်တယ်၊ နယ်သူ၊ နယ်သားတွေကို ပညာဖြန့်ဖြူးပေးနိုင်အောင် မိုင်းပွန်မှာ စံပြဉယျာဉ်ဆိုတာ တည်ထောင်ခဲ့တယ်၊ အဲဒီလိုလုပ်လို့လည်း နယ်သူနယ်သားတွေ မျိုးကောင်း၊ မျိုးသန့် သစ်သီးဝလံတွေ စိုက်ပျိုးလာနိုင်ခဲ့တယ်"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

စော်ဘွားကြီးသည် ဒုတိယကမ္ဘာစစ်ကြီးပြီး၍ အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်ဝင်လာသောအခါတွင် ၎င်းတို့နှင့် အတူပါလာသည့် စက္ကူဖြူအုပ်ချုပ်ရေးကိုလည်း ဆန့်ကျင်ခဲ့သူဖြစ်သည်။ တောင်တန်းနှင့်မြေပြန့် သွေးခွဲအုပ်ချုပ်သည်ကို မလိုလား၍ မြေပြန့်နှင့် တောင်တန်း စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့သူ ဖြစ်သည်။

"အမြဲ အစည်းအဝေးတွေလုပ်တယ်၊ ညှိနှိုင်းတိုင်ပင်တာတွေ လုပ်တယ်၊ အဖေက စော်ဘွားထဲမှာ အသက်အငယ်ဆုံးဆိုတော့ ကျန်တဲ့စော်ဘွားတွေက သိပ်မကြိုက်ကြဘူး၊ သူကတော့ ကြိုးစားပြီးတော့ကို လုပ်ခဲ့တာ"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် စော်ဘွားလည်းဖြစ်သည့်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် တောင်တန်း- မြေပြန့် ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။

"အရင်က တောင်ပေါ်ဒေသနဲ့ မြေပြန့်နဲ့ပေါင်းဖို့ ဦးဆောင်တဲ့အခါ ထိပ်တန်းက ပါဝင်ခဲ့တယ်၊ ပင်လုံညီလာခံမှာ ကွဲမယ်၊ တွဲမယ်ဖြစ်နေတဲ့အချိန်မှာ အဖေက ရှမ်းပြည်နယ် လူငယ်များအဖွဲ့မှာ ပါဝင်ဆောင်ရွက်ပြီးတော့မှ ရှမ်းလူငယ် ခေါင်းဆောင်တွေဖြစ်တဲ့ ဆရာကြီး ဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးခွန်ထီးတို့နဲ့ ပေါင်းမိပြီး ဗိုလ်ချုပ်နဲ့ လက်တွဲမိပြီးတော့ ပြည်ထောင်စုကြီးဖွဲ့စည်းဖို့ ကြိုးစားခဲ့တယ်"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။

ထိုသို့ ကြိုးစားခဲ့သည့်အတွက် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာဝန်ကြီးဖြစ်လာခဲ့သည်။ ထို့ပြင် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး လုပ်ကြံမခံရမီ ၁၉၄၅ ခုနှစ်တွင် မိုင်းပွန်စော်ဘွားကြီး၏ ဇနီးဖြစ်သူမှာ ဖက်ဆစ်ဂျပန်တို့ လက်မှ လွတ်မြောက်ရန် ပြေးရင်းလွှားရင်း မိုင်းပွန်တောထဲတွင် ဆုံးပါးခဲ့ရသည်။ သမီးဖြစ်သူမှာလည်း ၁၉၄၆ ခုနှစ်တွင် ထပ်မံဆုံးပါးခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ မိုင်းပွန်စော်ဘွားကြီး ကွယ်လွန်ချိန်တွင် သမီး စဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ သား စဝ်ကိုင်ဖ၊ သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးပြီးနောက် ကျန်ရစ်သူမိသားစုများအား အစိုးရမှ ထောက်ပံ့ကြေး မိသားစု တစ်စုလျှင် ငွေကျပ် တစ်သိန်းထောက်ပံ့ခဲ့ရာ မိုင်းပွန်စော်ဘွားကြီး၏ သားသမီးများမှာ အရွယ်မရောက်သေးသူများဖြစ်ကြသည့်အတွက် မြန်မာ့အလင်း ဦးတင်တို့ ပါဝင်သည့် အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည်။

"တချို့အာဇာနည်မိသားစုဝင်တွေက ဓာတ်ဆီဆိုင်တွေ၊ မော်တော်ကားတွေ ရတယ်၊ ကျွန်တော်တို့က ဘာမှမရခဲ့ဘူး၊ မြန်မာ့အလင်း ဦးတင်က ထိန်းသိမ်းပေးထားတဲ့ ပိုက်ဆံတွေကို တော်လှန်ရေး အစိုးရတက်လာပြီး မကြာမီ အကုန်ခွဲပေးခဲ့ပါတယ်"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဇနီးနှင့် မိသားစုဓာတ်ပုံ။



**မိုင်းပွန်စော်ဘွား စဝ်စံထွန်း**

**(၃၁ မေ ၁၉၀၇ - ၂၀ ဇူလိုင် ၁၉၄၇)**

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော စစ်ပြီးလွတ်လပ်ရေးအကြို အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာ ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥတို့၏ သားဖြစ်သည်။ ၁၉၀၇ ခုနှစ် မေလ ၃၁ ရက် သောကြာနေ့တွင် မွေးဖွားသည်။

တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်သည်။ ရဲအတတ်သင်ကျောင်းလည်း တက်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် အခမ်းအနားဖြင့် စော်ဘွားအဖြစ် ခံယူသည်။ ၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏ သမီး စဝ်ခင်သောင်းနှင့် လက်ထပ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး ကြိုးပမ်းမှုတွင် တောင်တန်း- မြေပြန့် ပူးပေါင်းရေး အောင်မြင်စေရန်အတွက် အထူးကူညီဆောင်ရွက်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်၌ လုပ်ကြံခံရသည့် အထဲတွင် ပါဝင်ခဲ့ပြီး ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ချိန်တွင် သမီး စဝ်သုနန္ဒာ၊ သား စဝ်ဆေဟုန်၊ သား စဝ်ကိုင်ဖ၊ သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်သည်။

စာမျက်နှာ ၇ သို့ ☆

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအား စီးပွားရေးအရ ချိတ်ဆက်ပေးမည့် ၂၁ ရာစု ပိုးလမ်းမကြီးအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးသည် One Belt One Road စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံဖော်ဆောင်မှုတွင်လည်း ပါဝင်လျက်ရှိကြောင်း။

**လက်မှတ်ရေးထိုးခဲ့**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း သဘောတူညီချက်အရ ၂၀၁၇ ခုနှစ် မေလ၌ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အား လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နယ်စပ်စီးပွားရေးဇုန် တည်ထောင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်ခြင်း၊ ဒေသတွင်း စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်း(SMEs) များ ဖွံ့ဖြိုးတိုးတက်လာ၍ ကုန်ထုတ်စွမ်းအား မြင့်မားလာခြင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

MoU သဘောတူညီချက်အရ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေးဇုန် အကောင်အထည်ဖော်တည်ဆောက်မည့် တည်နေရာ ရွေးချယ်သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ တည်နေရာ ရွေးချယ်သတ်မှတ်ရာတွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသော ကချင်ပြည်နယ်မှ ကန်ပိုက်တီးနှင့် ရှမ်းပြည်နယ်မှ မူဆယ်၊ ချင်းရွှေဟော်ဒေသများ ပါဝင်ရွေးချယ်လျာထား သတ်မှတ်ပေးရမည်ဖြစ်ကြောင်းနှင့် MoU ပါ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါရန် ပြောကြားသည်။

ယင်းနောက် နယ်စပ်စီးပွားရေးဇုန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တွဲဖက်အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြကြသည်။




**ဇုန်သုံးခုဖော်ဆောင်**

ထို့နောက် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်တို့က ပြည်နယ်ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူဖြစ်သည့် စီးပွားရေးဇုန်များကို အဆိုပြုနေရာ သုံးခုလုံး၌ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး စီးပွားရေးဇုန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အတည်ပြုဆုံးဖြတ်၍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခက်အောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံတွင် Korea Busan အဖွဲ့မှ လာရောက်ဆေးကုသ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြို့နှင့် Busan မြို့တို့ ချစ်ကြည်ရေးအဖြစ် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ Korea Busan ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးလျက်ရှိရာ ဇူလိုင် ၉ ရက်က ဆေးကုသမှုခံယူသူ ၂၂၁ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၁၄ ဦး၊ ဇူလိုင် ၁၁ ရက်တွင် ၆၅၄ ဦးနှင့် ယနေ့ ညနေ ၃ နာရီခွဲအထိ ၄၈၄ ဦး စုစုပေါင်း ၁၈၇၃ ဦး လာရောက်ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

Korea Busan ဆေးကုသရေးအဖွဲ့အား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ရွှေပြည်သာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်မြတ်နှင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(မြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

ဦးစဝ်ကိုင်ဖက "ကျွန်တော် ဘွဲ့ရတဲ့ နှစ်မှာပဲ အိမ်စောင့်အစိုးရကနေပြီးတော့ ပြည်ထောင်စုအစိုးရ တက်လာတဲ့အခါကျတော့ ဘကြီးရဲ့အတွင်းဝန်အဖြစ် နိုင်ငံခြားရေးရုံးမှာ အလုပ်ရတယ်၊ လုပ်ရင်းနဲ့ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ အာဏာသိမ်းတော့ အလုပ်က ပြုတ်ခဲ့တယ်၊ အလုပ်ကလည်း ဘယ်မှ ရှာမရတာနဲ့ ပညာရေးတွေ တစ်ခုပြီးတစ်ခုပဲ ဆက်လက်သင်ယူခဲ့တယ်၊ နောက် နိုင်ငံခြားရေးရုံးမှာ တတိယ အတွင်းဝန်ခေါ်တော့ ဝင်လျှောက်တာ ပထမ ငါးယောက်ထဲမှာ ထိပ်ဆုံးကပါခဲ့တယ်၊ ဒါပေမယ့် အကြောင်းအမျိုးမျိုးပြပြီး မခန့်ခဲ့ဘူး"ဟု ၎င်း၏ ဘဝအတွေ့အကြုံများစွာထဲမှ တစ်ခုကို ပြောပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခံရသည့် အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ရုပ်ကလာပ်ကို စော်ဘွားကြီး၏ ပြည်နယ်မြို့တော်ဖြစ်သော မိုင်းပွန်မြို့သို့ သယ်ဆောင်သွားပြီးနောက် ၁၉၄၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ဒေသအလိုက် ထုံးတမ်းစဉ်လာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင် ထားရှိရန် ပို့ဆောင်ခဲ့သည်။ ကျန်အရိုးပြာတစ်ဝက်ကို မိုင်းပွန်မြို့တောင်ဘက်ကုန်း၌ အာဇာနည်ဗိမာန်ပြာသာဒ်တည်ဆောက်ထားခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်တွင် အာဇာနည်နေ့ အခမ်းအနားကို စစ်အခမ်းအနား၊ စစ်တီးဝိုင်းများဖြင့် ၎င်းကိုယ်တိုင် အာဇာနည်မိသားစုဝင်များနှင့်အတူ တက်ရောက်ကာ ပန်းခွေချ၊ အလေးပြုခြင်းများ လုပ်ဆောင်ခဲ့ကြောင်းနှင့် အာဇာနည်နေ့သာမက ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့အခမ်းအနားများတွင်ပါ တက်ရောက်ခွင့်ရခဲ့ပြီး နောက်ပိုင်း ထိုသို့မရှိတော့ကြောင်း သိရသည်။

"ကျွန်တော်တို့က အာဇာနည်နေ့အတွက် ပန်းခွေကို ကိုယ်တိုင်လုပ်တာ ဟိုးတုန်းကတည်းကနေ အခုထိပါ၊ ပန်းခွေကို ဇူလိုင်လ ၁၈ ရက်နေ့အမီ ပို့ပေးရတယ်၊ ခါတိုင်းတော့ စော်ဘွားလေးကျောင်းမှာ ဆွမ်းကပ်တယ်၊ ဒီနှစ်တော့ လုပ်မယ်၊ မလုပ်ဘူး မဆုံးဖြတ်ရသေးဘူး"ဟု ဦးစဝ်ကိုင်ဖက ပြောသည်။



ဦးစဝ်ကိုင်ဖနှင့် ဇနီး

ဒီမိုကရေစီအစိုးရတက်လာပြီးနောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် နိုင်ငံတော်အကြီးအကဲများနှင့် အာဇာနည် မိသားစုဝင်များ တက်ရောက်ဂါရဝပြုကြပြီး နိုင်ငံတစ်ဝန်းတွင်လည်း အာဇာနည်နေ့ အခမ်းအနားကို စည်ကားစွာကျင်းပလာသည်နှင့် ပတ်သက်ပြီး ဦးစဝ်ကိုင်ဖက "လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်လို့မြင်ပါတယ်။ နိုင်ငံတကာမှာလည်း တိုင်းပြည်ကောင်းရာကောင်းကျိုး လုပ်ခဲ့တဲ့ သူတို့ခေါင်းဆောင်တွေကို သူ့နေရာနဲ့သူ သေချာ အထိမ်းအမှတ်နေရာ သီးသန့်ထားကြတယ်"ဟု ပြောပြသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းကျဆုံးပြီးနောက်ပိုင်း သားသမီးလေးဦး ကျန်ရစ်ခဲ့သည်။ လက်ရှိအချိန်တွင် သားနှစ်ဦးသာ အသက်ထင်ရှားကျန်ရှိကာ သားအကြီးဆုံးမှာ ပြည်ပတွင် နေထိုင်လျက်ရှိပြီး တတိယမြောက်သားဖြစ်သူ ဦးစဝ်ကိုင်ဖသာလျှင် ဇနီးဖြစ်သူ ဒေါ်သောင်းသောင်း၊ သားသမီး မြေးမြစ်များနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

"အခုတော့ မိန်းကလေးတွေက မရှိတော့ဘူး၊ အစ်ကိုတစ်ယောက်ပဲ နိုင်ငံခြားမှာ၊ သူကလည်း ပြန်မလာတော့ပါဘူး"ဟု ဦးစဝ်ကိုင်ဖက ဆိုသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စာနယ်ဇင်းသမား၊ သတင်းသမားများသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ The Working People's Daily အင်္ဂလိပ်သတင်းစာ၊ လုပ်သားသတင်းစာတို့တွင် အယ်ဒီတာချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဂျပန်သတင်းဌာနတွင် ၁၅ နှစ်ကြာ သတင်းထောက်လုပ်ခဲ့ဖူးသည့် နိုင်ငံခြားသတင်းထောက်များ အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဦးစဝ်ကိုင်ဖက "သတင်းသမားတွေအနေနဲ့ အမျိုးသားရေးကို ဦးစားပေးရမယ်၊ သတင်းသမားတင်မကဘူး၊ သတင်းစာက ပြောရရင်တော့ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာပါ ကျသွားနိုင်တဲ့အတွက် သေသေချာချာရေးကြဖို့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ ဂုဏ်ကို မထိခိုက်အောင် ရေးသားကြဖို့တော့ လိုပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် တောင်တန်း-ပြည်မ မခွဲခြားရေး၊ ရှမ်း-ဗမာသွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေး၊ မြန်မာပြည်လွတ်လပ်ရေးရရှိရေးတို့အတွက် အသက်ကိုပင်ပေးဆပ်ကာ ဆောင်ရွက်ခဲ့သည့် ရှမ်းစော်ဘွားတစ်ဦးဖြစ်သူ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ သားဖြစ်သူ ဦးစဝ်ကိုင်ဖက "ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေးရအောင် နမူနာပြပြီးသွားပြီမို့ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းကို အခုအချိန်မှာ အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပေးသင့်တယ်၊ အရင်က ကိုယ်တို့ထောက်ပံ့ခဲ့ရတဲ့နိုင်ငံတွေက ကိုယ်တို့ကို ဖြတ်ကျော်သွားပြီမို့ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်မှသာ တိုင်းပြည်ရော၊ လူမျိုးပါ ကောင်းစားမယ်၊ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်"ဟု စကားဆိုခဲ့သည်။ ။

> "မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ရုပ်ကလာပ်ကို စော်ဘွားကြီး၏ ပြည်နယ်မြို့တော်ဖြစ်သော မိုင်းပွန်မြို့သို့ သယ်ဆောင်သွားပြီးနောက် ၁၉၄၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ဒေသအလိုက် ထုံးတမ်းစဉ်လာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင် ထားရှိရန် ပို့ဆောင်ခဲ့သည်။"

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အပိုင်းက ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဟန်ဂေရီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Dr. Peter JAKAB အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဟန်ဂေရီ-မြန်မာနှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မလေးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E.Mr. Zahairi Baharim အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်၏ ဥပဒေပြုရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မလေးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Zahairi Baharim၊ စစ်သံမှူး Col. Abdul Razak Haron နှင့် ပထမအတွင်းဝန် Mr. Tajul Ariffin Tajuddin တို့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်(၆၀) ကျော်ကြာ မြန်မာ-မလေးရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေး၊ ရန်ကုန်မြို့ဆူးလေစေတီတော်တစ်ဝိုက်တွင် ဘာသာပေါင်းစုံသဟဇာတရှိနေမှုကို နိုင်ငံတကာသို့ တင်ပြနိုင်ရန်အတွက် မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးရေး စသည့် ကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မိုင်းဖြတ်၌ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက် ပုံမှန်စည်းဝေး

**မိုင်းဖြတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက် (ရှမ်း/အရှေ့)PRD Project၏ သုံးလတစ်ကြိမ် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်(ရှမ်း/အရှေ့) ဒါရိုက်တာ ဒေါက်တာမြင့်အောင်က အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် "လူငယ်နှင့် ငြိမ်းချမ်းရေး" ခေါင်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်တွင်းစစ် ဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဒါရိုက်တာ ဒေါက်တာမြင့်အောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တိုင်းရင်းသား လူငယ်မောင်မယ်များ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်း၊ ပြည်ပ ဧည့်အဖွဲ့များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး H.E. Mr. Zahairi Baharim အား မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးကောင်းမွန်သည့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် အကြမ်းဖက်မှုအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးတွင် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတရားမဝင် ကုန်သွယ်မှုများအား ပူးပေါင်းနှိမ်နင်းဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်ဘက်ဆေးပညာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process Steering Team- PPST) ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process Steering Team- PPST) ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)တို့ တက်ရောက်ကြပြီး KNU အဖွဲ့ဥက္ကဋ္ဌနှင့်အတူ KKO အဖွဲ့ဥက္ကဋ္ဌ စောမူရှေး၊ KNU/KNLA(PC) အဖွဲ့ အထွေထွေအတွင်းရေးမှူး နော်ကပေါ်ထူး၊ RCSS/SSA အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင် ဦးဘောင်ခေး၊ PNLO အဖွဲ့ နာယက ခွန်ဥက္ကာ၊ ALP အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊ ABSDF အဖွဲ့ဥက္ကဋ္ဌ ဦးသံခဲ၊ CNF အဖွဲ့ ဥက္ကဋ္ဌ ဦးပူဇင်ကျုံး၊ NMSP(မွန်) အဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ထောမွန်နှင့် LDU အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြာဆော်လမွန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ပြည်တွင်း၊ ပြည်ပ ဧည့်အဖွဲ့များအား သီးခြားစီလက်ခံတွေ့ဆုံ



**ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန့်ကန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဇူလိုင် ၁၂**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်ကော့ရှန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ခပ်ပလန် (NSCN-K) မှ နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန့်ကန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌသည် မစ္စတာ စွန်ကော့ရှန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နာဂငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန့်ကန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့အတူ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အဖွဲ့ဝင် ဦးအောင်စိုး၊ အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦး၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

**✱ ကျောဖုံးမှ**

ဆက်လက်၍ (UPDJC) အတွင်းရေးမှူး ဦးအောင်စိုးက ညီလာခံလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်နှင့် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးတို့က နိုင်ငံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ လွှတ်တော်ကိုယ်စားလှယ် မိကွန်ချမ်း၊ ဦးလွင်ကိုလတ်နှင့် ဦးမြင့်လွင်တို့က စီးပွားရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ဦးမင်းဦးနှင့် ဒေါ်နန်းထွေးသူတို့က လူမှုရေးကဏ္ဍမူဝါဒ အဆိုပြုလွှာ၊ လွှတ်တော်ကိုယ်စားလှယ် ဦးအင်တုန်ခါးနော်ဆမ်၊ ဒေါ်နီနီရွှေလျှန်းနှင့် ဦးတင်သစ်(ခ) ဦးရည်မွန်တို့က လုံခြုံရေးကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ ဦးဇော်မင်းလတ်နှင့် ဦးစိုးလေး (ခ) ဦးစိုးဝင်းတို့က မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒအဆိုပြုလွှာတို့ကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

တပ်မတော်အစုအဖွဲ့ အစည်းအဝေး၌ သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုကော်မတီ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်အဖွဲ့လုပ်ငန်းလမ်းညွှန်ကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေးစသည့် ကဏ္ဍငါးခုနှင့်စပ်လျဉ်းသည့် မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

နိုင်ငံရေးပါတီအစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေး



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်အစုအဖွဲ့ ဆွေးနွေးစဉ်။**

ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ အကျိုးဆောင်များ၏ လုပ်ငန်းလမ်းညွှန်ကို ဖတ်ကြားခြင်းနှင့် ကဏ္ဍအလိုက် ဆွေးနွေးမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍငါးခုနှင့်စပ်လျဉ်းသည့် မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ စကားသံများ

တွေ့ဆုံမေးမြန်း-အောင်မိုး၊ ခင်စုစုလှိုင်
ဓာတ်ပုံ-သက်ထွေး

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဒုတိယမြောက်နေ့တွင် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ဟူ၍ အစုအဖွဲ့ငါးခုခွဲကာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။


စိုင်းကျော်ညွန့်


ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း


ဒေါက်တာမောင်သင်း


ဦးရည်မွန်


ဦးအောင်လွင်ဦး


ဒေါက်တာ စန်းစန်းအေး

**စိုင်းကျော်ညွန့်(တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့)**

ဒီမိုကရေစီရဲ့ ယဉ်ကျေးမှုအရ ကိုယ့်ရဲ့ရပ်တည်ချက်ကို ဆွေးနွေးခွင့်ရှိပါတယ်။ ဒါပေမယ့် ဘယ်လိုပဲဆွေးနွေးဆွေးနွေး ညီလာခံကသတ်မှတ်ထားတဲ့မူအတိုင်း၊ ဘောင်အတိုင်း ဆွေးနွေးကြရမှာဖြစ်ပါတယ်။ ညီလာခံကနေ ဆွေးနွေးသဘောတူတဲ့ အချက်အလက်နည်းခြင်း၊ များခြင်းက အရေးမကြီးပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး စဉ်ဆက်မပြတ်ရှိနေပါတယ်။ ဖြစ်ပေါ်တိုးတက်မှုမှာတော့ နည်းတာများတာ၊ နှေးတာ မြန်တာတော့ရှိပါတယ်။ ဒီအပေါ်မှာလည်း ပြည်သူအားလုံးက ဝိုင်းဝန်းအားပေးကြဖို့ ပြောချင်ပါတယ်။

**ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း**
**(တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့)**

ကျွန်တော်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှာ ပါပါတယ်။ ဒီအစုအဖွဲ့မှာ ကဏ္ဍအသီးသီးရဲ့တင်ပြချက်ကို ဆွေးနွေးကြတာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ နိုင်ငံရေးကဏ္ဍပဲ ဆွေးနွေးနေပါသေးတယ်။ နိုင်ငံရေးကဏ္ဍမှာလည်း လေးချက်လောက်ပဲရှိပါတယ်။ အဲဒီလေးချက်ကိုပဲ ဆွေးနွေးကြတယ်။ အကြံတွေ အများကြီးပေးကြတယ်။ အကြံပေးချက်တွေအားလုံးကို နားထောင်ကြည့်တဲ့အခါ အများစုက လုပ်ငန်းကော်မတီနဲ့ UPDJC မှာ ဆွေးနွေးပြီးတော့ သဘောထားမကျနိုင်တဲ့အချက်တွေ ပြန်ပြီးဆွေးနွေးကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်ရှင်းပြဖို့ လိုတာပေါ့။ ဘယ်လိုပြန်ရှင်းပြရမလဲဆိုတော့ လူကြီးမင်းတို့ရဲ့ တင်ပြချက်တွေဟာ နဂိုစာသားထဲမှာ ထည့်ထားပြီးပြီ၊ အဆင်မပြေသေးလို့ နောင်တွင်ဆက်လက်ဆွေးနွေးရန်ဆိုပြီး ထားခဲ့တာပါလို့ ရှင်းပြရတာပေါ့။ ဥပမာ လုပ်ငန်းကော်မတီကနေ တင်တဲ့အထဲမှာ ခုနစ်ချက်၊ ရှစ်ချက်လောက်ရှိတယ်။ အခုသဘောတူနိုင်တာ လေးချက်လောက်ပဲရှိတယ်။ ကျန်တဲ့အချက်တွေကိုလည်း ပိတ်ပင်ထားတာမဟုတ်ဘဲ နောင်တွင်ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP) (ဗဟိုအလုပ်အမှုဆောင်)**

ဒီနေ့နံနက်ပိုင်း နိုင်ငံရေးပါတီများ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲမှာတော့ ကျား၊ မ တန်းတူ အခွင့်အရေးနဲ့ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။ ငြိမ်းချမ်းရေးမူဝါဒတွေ ပြီးလို့ရှိရင် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြမယ်။ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြရင် ကျား၊ မ တန်းတူကဏ္ဍလေးတွေကလည်း အထိုက်အလျောက်ပါလာဖို့ ရည်ရွယ်ထားတာပါ။ အမျိုးသမီးတွေ ဘယ်သို့သောအကြောင်းပြချက်နဲ့မှ အနှိမ်မခံရအောင်လို့ပါ။ သို့သော်လည်းပဲ တကယ်ဆွေးနွေးနေတာကို ပြန်ကြည့်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံသားများရဲ့ အခန်းကဏ္ဍ ပုဒ်မ ၃၄၈ မှာ ပါပြီးသားပါ။ ဆင်းရဲ၊ ချမ်းသာ၊ ရာထူးဌာနန္တရ၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသား အမျိုးသမီး အကြောင်းပြု၍ ခွဲခြားခြင်းမရှိစေရလို့ ပါပါတယ်။

နိုင်ငံရေးသဘောအရ ဆွေးနွေးကြမယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်တဲ့အခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ဆိုင်တဲ့ နောက်ဆက်တွဲ (ဂ)မှာ ရေးဆွဲရမယ့် ဥပဒေတွေ ပြဋ္ဌာန်းပြီးလို့ရှိရင် စီးပွားရေးဆိုင်ရာခွဲဝေမှုတွေရော၊ သယံဇာတခွဲဝေမှုတွေရော ဒါတွေအားလုံးက သူ့ဘာသာသူပါလာပြီးသား။ အားနည်းချက်တစ်ခုလေးပဲမြင်တယ်။ တကယ်တမ်းကျတော့ သူတို့တွေရဲ့ ဝန်ကြီးချုပ်ကို သူတို့ကပဲ ရွေးချယ်ရမယ်။ အခုက သမ္မတ ခန့်အပ်တာလုပ်တယ်။ အဲဒါကတော့ ဖက်ဒရယ်လစ်ဇင်မှာ အားနည်းချက်လို့မြင်တယ်။ ဆွေးနွေးချင်းဆွေးနွေးရင် အဲဒီလိုဟာမျိုးတွေ ဆွေးနွေးရမှာပါ။ ကျန်တာက ပြဋ္ဌာန်းရမယ့် ဥပဒေတွေ အကုန်ထွက်လာလို့ရှိရင် ဖက်ဒရယ်လစ်ဇင်ဆိုတာ ပုံပေါ်ပြီးသားပါ။

**ဦးရည်မွန် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်)**
**(လွှတ်တော်အစုအဖွဲ့)**

ကျွန်တော်က လုံခြုံရေးကဏ္ဍလုပ်ငန်းကော်မတီမှာ အထောက်အကူပြုအနေနဲ့ ပါဝင်ဆွေးနွေးနေပါတယ်။ အခုညီလာခံမှာလည်း လွှတ်တော်ထဲက ကိုယ်စားလှယ်ထဲက ညီလာခံ ကိုယ်စားလှယ်အနေနဲ့ရော အထောက်အကူပြုအဖွဲ့ဝင်အနေနဲ့ပါ တက်ရောက်နေတာပါ။ ဒီနေ့အဓိကဆွေးနွေးမှာက ကဏ္ဍငါးရပ်ရှိတဲ့ထဲက ကဏ္ဍလေးရပ်မှာ စုစုပေါင်းအဆိုပြုချက် ၁၄ ခု ရှိပါတယ်။ ဒါတွေကို ကဏ္ဍအလိုက်အဆိုပြုသဘောတူညီချက်တွေကို ဘယ်နှချက်ရထားတယ်၊ ဘယ်လိုရထားတယ် စတာတွေကို ကိုယ့်အစုအဖွဲ့ထဲမှာပြန်လည်ရှင်းလင်းတဲ့ အစီအစဉ်တွေ လုပ်နေကြတာပါ။ ဒီမှာက အသစ်ဆွေးနွေးလို့မရသေးတဲ့အတွက် UPDJC ကနေ ဆုံးဖြတ်သဘောတူထားတဲ့ အဆိုပြုသဘောတူညီချက် ၁၄ ရပ်အပေါ်မှာပဲ ဆွေးနွေးရမှာပါ။

**ဦးအောင်လွင်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး) (အစိုးရအစုအဖွဲ့)**

ပြီးခဲ့တဲ့ လုပ်ငန်းကော်မတီအစည်းအဝေး နှစ်ကြိမ်ကျင်းပပြီးတဲ့အခါမှာ နိုင်ငံရေးပါတီတွေ၊ EAO တွေ၊ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော် အစုအဖွဲ့ ငါးခုက တင်ပြလာတာတွေကို စုစည်းတယ်။ စုစည်းလို့ရတဲ့အပေါ်မှာ လက်ခံနိုင်တဲ့အချက်တွေကို ညှိနှိုင်းပြီး UPDJC ကိုတင်တယ်။ UPDJC ကနေ ဆုံးဖြတ်လိုက်တဲ့ နိုင်ငံရေးနဲ့ပတ်သက်တဲ့သဘောတူညီမှု လေးချက်ကို ညီလာခံမှာတင်ပြီး အကျေအလည် ဆွေးနွေးကြမှာပါ။ ဒီလေးချက်နဲ့ ပတ်သက်လို့လည်း အရင်မှာ လုပ်ငန်းကော်မတီအစည်းအဝေးတွေ အကျေအလည်ဆွေးနွေးထားပြီးဖြစ်တဲ့အတွက် လာမယ့် ညီလာခံပြီးလို့ချုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး စာချုပ်ထဲမှာ ပါအောင် ဆွေးနွေးသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ထားတဲ့ NCA စာချုပ်နဲ့ (၂၁)ရာစု ပင်လုံရဲ့ ရည်ရွယ်ချက်တွေကို အောင်အောင်မြင်မြင်ဖြစ်သွားအောင် ဆောင်ရွက်သွားကြမှာပါ။ မြောက်ပိုင်းအဖွဲ့တွေရောက်လာတယ်။ ကျွန်တော်တို့ ပြောဆိုဆွေးနွေးတာတွေကို ကြည့်တယ်။ ကျွန်တော်တို့က ဘာမှကို ပိတ်ဆို့တားဆီးတာမရှိဘူး။ သူတို့လည်း ပြောဆိုပါဝင်ခွင့်ရှိပါတယ်။ ညီလာခံမှာရှိတဲ့ ကျွန်တော်တို့ရဲ့ပွင့်လင်းမြင်သာမှုကို မြင်ရတဲ့အခါ ကျွန်တော်တို့အပေါ် ပိုပြီးယုံကြည်မှုရှိလာပြီးတော့ သူတို့လည်း လက်မှတ်ရေးထိုးလာနိုင်ပါတယ်။

**ဒေါက်တာစန်းစန်းအေး**
**(ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန)**

ဒီညီလာခံမတိုင်မီမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း၊ နိုင်ငံရေးပါတီအစုအဖွဲ့တွေ စုပေါင်းပြီး ညှိနှိုင်းအစည်းအဝေးတွေ လုပ်ခဲ့ပါတယ်။ အဲဒီမှာ လူမှုရေးကဏ္ဍနဲ့ပတ်သက်ပြီး ဘုံသဘောတူညီချက်တွေထုတ်ပြီး ဆွေးနွေးထားတာရှိပါတယ်။ အခု (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးမှာ အဆိုတွေ တင်သွင်းမယ်ဆိုတော့ အများကြီး မျှော်လင့်ပါတယ်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးက မရှိမဖြစ်လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လူမှုဘဝဖွံ့ဖြိုးရေးအနေနဲ့ ပြည်နယ်ဖြစ်ဖြစ်၊ ပြည်မပဲဖြစ်ဖြစ်၊ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေမှာပဲဖြစ်ဖြစ် ကလေးသူငယ်တွေအားလုံးက ကျောင်းတက်ရမယ်ဆိုတဲ့ အခွင့်အရေးတွေရရမယ်။ ကလေးသူငယ်တွေရဲ့ အခွင့်အရေးတွေ အားလုံးအပြည့်အစုံ ရရမယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ အမျိုးသမီးအခွင့်အရေး အပြည့်အဝ ရရမယ်။ ဒါတွေရဖို့ဆိုတာက ငြိမ်းချမ်းရေးရဖို့လိုပါတယ်။ ။

# ဝန်ကြီးများရုံး၌ ပြတိုက်ဖွင့်လှစ်ပြသနိုင်ရေး အကြီးစား ပြင်ဆင်ဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဇူလိုင် ၁၂**

ကမ္ဘာတွင်ပုံစံတူနှစ်ခုတည်းသာ တည်ဆောက်ခဲ့သော ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံးအဆောက်အအုံအား ၂၀၁၆ ခုနှစ်မှစ၍ ပြန်လည်မွမ်းမံပြင်ဆင်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယခုအခါ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း အတွင်းဝန်ရုံးပြုပြင်မွမ်းမံရေးအဖွဲ့မှ သိရသည်။

"ကမ္ဘာမှာဒီလိုအဆောက်အအုံ နှစ်ခုပဲရှိတယ်။ တစ်ခုကအိန္ဒိယမှာ၊ နောက်တစ်ခုက ရန်ကုန်မြို့မှာ ရှိတယ်။ အင်္ဂလိပ်လက်ထက် ဗိသုကာပညာရှင် Hoyle က တည်ဆောက်သွားတာပါ။ အဲဒီအချိန်က မြန်မာတစ်ပြည်လုံးကို ဒီနေရာကနေ ဗဟိုအုပ်ချုပ်မှုနဲ့အုပ်ချုပ်ခဲ့တဲ့ အဆောက်အအုံဆိုလည်း မမှားဘူး။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ ရုံးကြီးလည်းဖြစ်တဲ့အတွက် သမိုင်းအမွေအနှစ်အဖြစ် တန်ဖိုးမဖြတ်နိုင်တဲ့ အဆောက်အအုံလည်းဖြစ်တယ်။ မပြုပြင်တာကြာတော့ ကွက်တွေ၊ ခြတွေနဲ့ရှင်းလင်းရေးမှာတင် အကုန်အကျများခဲ့တယ်။ ဝန်ကြီးများရုံးမှာ အာဇာနည်ပြတိုက်နဲ့ လွှတ်တော်ပြတိုက်ဆိုပြီး နှစ်ခုဖွင့်လှစ်မှာပါ။ အခု ၇၀ ရာခိုင်နှုန်းပြီးနေပါပြီ။ ၂၀၁၉ ခုနှစ်မှာ ဖွင့်လှစ်မှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှာ အားလုံးပြီးစီးမယ်လို့ ရည်မှန်းထားပါတယ်"ဟု အတွင်းဝန်ရုံးပြုပြင်မွမ်းမံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

၁၈၈၁ ခုနှစ်မှ ၁၈၈၉ ခုနှစ်အထိ ရှစ်နှစ်ကြာတည်ဆောက်ခဲ့သော ဝန်ကြီးများရုံးကို ထိုအချိန်က အိန္ဒိယရူပီးငွေ ၂ ဒသမ ၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့အခါတွင် မြန်မာ့လွတ်လပ်ရေး၏ သမိုင်းလက်ကျန်အဖြစ် ဤတစ်ခုသာကျန်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးများရုံးတွင် မြန်မာ့ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ ခန်းမများနှင့်အဆောက်အအုံ ပတ်ပတ်လည်ရှိ မြက်ခင်းပြင်တို့ကို အထူးပြင်ဆင်မွမ်းမံလျက်ရှိပြီး ပြီးစီးသွားပါက ခန်းမများနှင့် မြက်ခင်းပြင်များတွင် အများပြည်သူက ဝန်ဆောင်ခဖြင့် အသုံးပြုနိုင်ရန်စီမံထားကြောင်း အတွင်းဝန်ရုံး ပြုပြင်မွမ်းမံရေးအဖွဲ့မှ သိရသည်။

ယမန်နှစ် အာဇာနည်နေ့တွင်လည်း ကျောင်းသား ကျောင်းသူများ၏ ပန်းချီကားများကိုပြသခဲ့ပြီး ယခုနှစ်တွင်လည်း အာဇာနည်ခေါင်းဆောင်များလုပ်ကြံခံရစဉ်က ကျန်ရစ်ခဲ့သည့် ပစ္စည်း ၂၈ မျိုးနှင့်အတူ ကျောင်းသား ကျောင်းသူများရေးဆွဲထားသော ပန်းချီကားများကိုလည်း ပြသသွားမည်ဖြစ်ကာ ယခုနှစ် ပြိုင်ပွဲဝင်ခေါင်းစဉ်မှာ "အာဇာနည်၏ ရုပ်ပုံလွှာ"ဟု ခေါင်းစဉ်ပေးထားကြောင်း သိရသည်။

၁၆ ဧက ကျယ်ဝန်းသော ဝန်ကြီးများရုံးအား ပြုပြင်မှုမလုပ်ဆောင်နိုင်ဘဲ ထားရှိခဲ့သည်မှာ ၁၀ နှစ်ရှိခဲ့ပြီးနောက် တစ်နှစ်ခွဲသာ ပြင်ဆင်မှုပြုလုပ်ခဲ့ပြီး ယခုအခါတွင် ၂၀၁၆ ခုနှစ်မှစတင်၍ အကြီးစားပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**သစ္စာ(ရန်ကုန်)**

# နိုင်ငံကြီးသားအမည်ရှိ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင် လာရောက်ရိုက်ကူး

နေပြည်တော် ဇူလိုင် ၁၂

**ဇာတ်ညွှန်း ကိုမြတ်ဆွေ ပုံဖော်ရေးသားပြီး ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)ရိုက်ကူးသည့် "နိုင်ငံကြီးသား"အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေသပြေလမ်း၊ မိုးသောက်ပန်းလမ်းနှင့် စန္ဒာလမ်းကြားရှိ ခြံကွက်အမှတ် ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃ နှင့် ၁၀၀၄ ရှိ နေအိမ်၌ ရိုက်ကူးလျက်ရှိသည်။**



ဒါရိုက်တာစတီးလ်



သရုပ်ဆောင်ဇင်ဝိုင်း



သရုပ်ဆောင်မင်းမော်ကွန်း

အဆိုပါ နိုင်ငံကြီးသားအမည်ရှိ ရုပ်ရှင်ဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် နေတိုး၊ ထွန်းထွန်း၊ မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ နေထက်လင်း၊ နေမျိုးအောင်၊ မင်းသွေး၊ နေရဲ၊ မိုးယံဇွန်၊ အွန်ဆိုင်းနှင့် ရွှေသမီးတို့က ဦးဆောင်ရိုက်ကူးပြီး အခြားသရုပ်ဆောင်များစွာပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)က "နေပြည်တော်ရဲ့လမ်းတွေပေါ်မှာ အမှိုက်တွေစွန့်ပစ်ထားတာမတွေ့ရပါဘူး။ သန့်ရှင်းသာယာလှပတယ်။ ဟိုတယ်အခန်းခတွေကလည်း တခြားမြို့တွေထက်စာရင် သက်သာတယ်၊ ရုပ်ရှင်ရိုက်ရင် အထူးသင့်လျော်တယ်လို့ ယူဆတဲ့အတွက် လာရောက်ရိုက်ကူးရခြင်းဖြစ်ပါတယ်။

"ဒီနေ့ ဒီအိမ်မှာရိုက်မယ်။ ဒါပြီးရင် နေပြည်တော်က လမ်းမကြီးတွေပေါ်မှာ ဆက်လက်ရိုက်ကူးမယ်။ ဒီဇာတ်လမ်းက ရဲအရာရှိနှစ်ဦးရဲ့ တရားဥပဒေကိုလေးစားလိုက်နာခဲ့တဲ့အကြောင်းကို ရိုက်ကူးတာဖြစ်ပါတယ်"ဟု ပြောသည်။

ဒါရိုက်တာစတီးလ်က အဆိုပါဇာတ်ကားရိုက်ကူးရခြင်း၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းဇာတ်ကွက်သဘောတရားကိုလည်း ဆက်လက်ရှင်းပြသည်။

"ဒီဇာတ်ကားရိုက်ရတဲ့ ရည်ရွယ်ချက်တွေကတော့ တိုင်းပြည်အပေါ်သစ္စာရှိစေဖို့၊ လူမျိုးမရွေး၊ အသက်ကြီးငယ်မရွေး တရားဥပဒေကို ပိုမိုလေးစားလိုက်နာစေဖို့၊ နေပြည်တော်သာယာလှပသလိုမျိုး အခြားမြို့တွေကိုလည်း စံနမူနာယူစေဖို့၊ နေပြည်တော်လိုမျိုး ကျန်မြို့တိုင်းသာ သာယာလှပမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်ကြီး ပိုမိုချစ်မြတ်နိုးဖို့ ကောင်းတယ်ဆိုတာတွေကို စံနမူနာယူစေချင်လို့၊ နောက်ထပ်ပြောရရင် နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ်ဖန်တီးရာမှာ ရုပ်ရှင်ရိုက်ကူးတဲ့သူတွေကို ပံ့ပိုးပေးမယ်ဆိုတဲ့သတင်းကိုလည်း ဖြစ်အောင်ကြိုးစားကြည့်ချင်လို့ အပါအဝင် ကျွန်တော်သိတဲ့ အသိတစ်ခုကို ထပ်ဆင့်မျှဝေပေးလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး နောက်ထပ် ငါးရက်လောက် ကြာပါဦးမယ်။ နေပြည်တော်ရဲ့ သာယာလှပတဲ့ နေရာတိုင်းနီးပါးမှာ ဆက်လက်ရိုက်ကူးသွားဦးမှာ ဖြစ်ပါတယ်။

"ဇာတ်လမ်းရဲ့သဘောတရားက လုပ်ရပ်အမှားလုပ်နေသူတွေ ရုပ်တန့်သွားစေဖို့၊ မှားနေတာကို မှန်ပါတယ်လို့ ထောက်ခံမယ့်အစား မှားနေတဲ့သူကို ဝိုင်းပြီးဆွဲထုတ်ပြရဲစေဖို့၊ မှားတဲ့သူကလည်း မှားပါတယ်လို့ ဝန်ခံတတ်စေဖို့ဆိုတဲ့ ရသတွေကို ပေးသွားမယ့် ဇာတ်လမ်းဇာတ်ကွက်မျိုးဖြစ်ပါတယ်"ဟု ရှင်းကဆိုသည်။

သရုပ်ဆောင်ဇင်ဝိုင်းက "နေပြည်တော်မှာ ရိုက်ကူးဖို့ ကျွန်တော်တို့က တိုက်တွန်းပါတယ်။ ဒါရိုက်တာကလည်း နေပြည်တော်မှာပဲ ရိုက်ချင်တယ်။ ဒါနဲ့ပဲ နေပြည်တော်မှာ ရိုက်ကူးကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့တွေကို ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်နဲ့ ဌာနဆိုင်ရာတွေက ဝိုင်းဝန်းကူညီကြပါတယ်။ နေပြည်တော်ရိုက်ကွင်းတွေက ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေအတွက်လည်း အသစ်အဆန်းဖြစ်မယ်၊ ပရိသတ်ကိုလည်း ရိုက်ကွင်းအသစ်အဆန်းတွေကို တင်ပြနိုင်မှာဖြစ်ပါတယ်။ သက်သောင့်သက်သာလည်း ရိုက်ကူးနိုင်အောင် ကြိုးပမ်းနေကြခြင်းဖြစ်ပါတယ်။

"ရုပ်ရှင်ရိုက်ကူးဖို့ဆိုတာ၊ ရုပ်ရှင်လောကသားအများစုလာဖို့ဆိုတာ တည်းခိုနေထိုင်စရိတ်တွေ၊ စားသောက်စရိတ်တွေ သက်သာဖို့လိုပါတယ်။ ရိုက်ကူးမယ့် ရိုက်ကွင်းတွေ အဆင်ပြေပြေရိုက်ကူးနိုင်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားသည်။

> ❝ ခေတ်မီရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်ရုံများပါဝင်သည့် ရုပ်ရှင်နယ်မြေ(Entertainment City) ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်လျက်ရှိရာ ခေတ်မီရုပ်ရှင်စတူဒီယိုများ ဆောက်လုပ်နိုင်ခြင်းမရှိသေးမီ နေပြည်တော်ရှိ အချက်အချာကျသော၊ ရှုခင်းကောင်းမွန်သော၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အားသာချက်အပေါ် အခြေခံ၍ ယခုကဲ့သို့ ဒါရိုက်တာများက ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ လာရောက်ရိုက်ကူးနေခြင်း ဖြစ်သည် ❞

သရုပ်ဆောင်မင်းမော်ကွန်းက "ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေက "နိုင်ငံကြီးသား" ဆိုတဲ့ဇာတ်ကားကို သရုပ်ဆောင်မင်းသားတွေအများကြီးနဲ့ ရိုက်ကူးဖို့ ရည်ရွယ်ချက်ရှိခဲ့ကြတာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော့်ကို ပါဝင်စေချင်တဲ့အတွက် ကျွန်တော်ကလည်း ကျွန်တော်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်ကို နှစ်သက်တယ်၊ သရုပ်ဆောင်ရမယ့် အနေအထားကလည်း အခြားဇာတ်ကားတွေနဲ့ မတူပါဘူး။ အပြောင်းအလဲလည်းဖြစ်တာကြောင့် ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ဒီလိုဇာတ်ကားမျိုးက ရိုက်ကူးခွင့်မရတဲ့ ဇာတ်ကားမျိုးဖြစ်ပါတယ်။ နေပြည်တော်မှာ အိမ်ကြီးအိမ်ကောင်းတွေရှိတယ်၊ လမ်းတွေကလည်း သန့်ရှင်းသပ်ရပ် ကျယ်ပြန့်တယ်၊ ရန်ကုန်လောက်လည်း မော်တော်ယာဉ်တွေရှုပ်ထွေးခြင်းမရှိပါဘူး၊ ဒီဇာတ်ကားကတော့ အခြားဇာတ်ကားတွေနဲ့မတူညီတဲ့ ရသအသစ်တစ်ခုပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောပြသည်။

နေပြည်တော်တွင် စူပါစတားရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာဇမ္ဗူထွန်းသက်လွင် ရိုက်ကူးသည့် "ကြီးမြတ်သော မာတာ" ဇာတ်လမ်းတွဲကို ဇူလိုင် ၅ ရက်မှ ၈ ရက်အထိရိုက်ကူးခဲ့ကြောင်း၊ Aung Pyi Entertainment က ထုတ်လုပ်၍ ဇာတ်ညွှန်း ထက်မြက်နိုင်ဇင် ရေးသားပုံဖော်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ မင်းခိုက်စိုးစံ၏ Hospital Diary ဇာတ်လမ်းတွဲကိုလည်း ရိုက်ကူးသွားရန်ရှိကြောင်း သိရသည်။

"ကြီးမြတ်သောမာတာ" ဇာတ်လမ်းတွဲတွင် ဦးမောင်မောင်မြင့်၊ အေးချမ်းမောင်၊ မို့မို့မြင့်အောင်နှင့် နန်းရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားပြီး Hospital Diary ဇာတ်လမ်းတွဲတွင် အောင်မြင့်မြတ်၊ စွမ်းထက်၊ မြတ်သူအောင်၊ သူရထူးနှင့် နွယ်ဒါလီထွန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများတွင် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယင်းနိုင်ငံများ၏ အမည် ထင်ရှားကျော်ကြားသကဲ့သို့ နေပြည်တော်၌ ခေတ်မီရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်ရုံများပါဝင်သည့် ရုပ်ရှင်နယ်မြေ (Entertainment City) ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်လျက်ရှိရာ ခေတ်မီရုပ်ရှင်စတူဒီယိုများ ဆောက်လုပ်နိုင်ခြင်းမရှိသေးမီ နေပြည်တော်ရှိ အချက်အချာကျသော၊ ရှုခင်းကောင်းမွန်သော၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အားသာချက်အပေါ် အခြေခံ၍ ယခုကဲ့သို့ ဒါရိုက်တာများက ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ လာရောက်ရိုက်ကူးနေခြင်း ဖြစ်သည်။

**မင်းမင်းဇော်(သတင်းစဉ်)**



နိုင်ငံကြီးသား ရုပ်ရှင်ဇာတ်ဝင်ခန်း ရိုက်ကူးနေမှုမြင်ကွင်း။

**○ အာဆီယံ ယူ-၁၉ မှ**

ပွဲထွက်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် မလေးရှားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် ထိုင်းအသင်းကို ခြေရည်တူကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ကစားကွက်အပြောင်းအလဲလုပ်ခဲ့ပြီး မြန်မာအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။ ထိုင်းအသင်း သွင်းယူသည့်ဂိုးသွင်းခွင့်များကို မြန်မာဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သလို အချို့ကန်သွင်းမှုများမှာလည်း တိုင်ထိ၊ ဘားထိထွက်ခဲ့သောကြောင့် မြန်မာအသင်း သက်သာရာရခဲ့သည်။ မြန်မာအသင်းသည် ၈၇ မိနစ်တွင် အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဆီမီးဖိုင်နယ် ဒုတိယပွဲအဖြစ် မလေးရှားနှင့် အိမ်ရှင်အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုးစီသရေကျနေ၍ ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ မလေးရှား-အသင်းက သုံးဂိုး-နှစ်ဂိုး စုစုပေါင်း လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**

# စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် တောင်ကိုရီးယားသမ္မတမွန်းတို့ စင်ကာပူနိုင်ငံတွင် တွေ့ဆုံ



**စင်ကာပူ ဇူလိုင် ၁၂**

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းနှင့် စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းတို့ ဇူလိုင် ၁၂ ရက်တွင် တွေ့ဆုံခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လွန်ခဲ့သောလက ကျင်းပခဲ့သည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးသည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး ဒေသတွင်း နိုင်ငံများအတွက် အပြုသဘောဆောင်သော ရလဒ်များ ထွက်ပေါ်စေရန် ကူညီထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်မိပါကြောင်း ဝန်ကြီးချုပ်လီရှန်လွန်းက ပြောကြားခဲ့သည်။

တွေ့ဆုံပွဲပြီးနောက် ဝန်ကြီးချုပ်လီရှန်လွန်းနှင့် သမ္မတမွန်းတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

သမိုင်းတွင်စေသည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံတွင် လွန်ခဲ့သောလက အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် ပတ်သက်ပြီး သမ္မတမွန်းက ဝန်ကြီးချုပ် လီရှန်လွန်းအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ငြိမ်းချမ်းရေးရရှိစေရန် ကူညီထောက်ပံ့ပေးခဲ့သည့် စင်ကာပူနိုင်ငံဝန်ကြီးချုပ်အပါအဝင် စင်ကာပူ ပြည်သူပြည်သားများအား ကျေးဇူးတင်ရှိပါကြောင်း သမ္မတမွန်းက ဆိုသည်။

ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် သမ္မတမွန်းအား ဝန်ကြီးချုပ်လီရှန်လွန်းက ချီးကျူးထောမနာပြုခဲ့သည်။ ထို့ပြင် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရန် လိုအပ်သည်ဟု ဝန်ကြီးချုပ်လီက အကြံပြုပြောကြားခဲ့သည်။

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ကူညီထောက်ပံ့ပေးခဲ့ရခြင်းအပေါ် ဝမ်းသာပီတိဖြစ်မိပါကြောင်း ဝန်ကြီးချုပ်လီက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အိန္ဒိယပါဝင်လှုပ်ရှားမည်ဟု ဝန်ကြီးချုပ်မိုဒီပြော

**နယူးဒေလီ ဇူလိုင် ၁၂**

ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မိမိ၏ နိုင်ငံပါဝင်လှုပ်ရှားသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဇူလိုင် ၁၁ ရက်တွင် ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်မိုဒီသည် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြို့တော်နယူးဒေလီ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အိန္ဒိယနှင့် တောင်ကိုရီးယားတို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်လျက် ခေါင်းဆောင်နှစ်ဦးတို့က ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။

ကာကွယ်ရေးနှင့်လုံခြုံရေး၊ ဉာဏ်ရည်တုနည်းပညာ၊ ကုန်သွယ်ရေးစသည့်နယ်ပယ်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ မပြန့်ပွားရေးတို့အတွက် နှစ်နိုင်ငံလက်တွဲလုပ်ကိုင်မှု တိုးမြှင့်ကြရန်လည်းကောင်း ဝန်ကြီးချုပ် မိုဒီနှင့် သမ္မတမွန်းတို့ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် ၁၀ ရပ်ကိုလည်းကောင်း၊ စီးပွားရေးအရ အလုံးစုံမိတ်ဖက်ပြုဆောင်ရွက်ရေး သဘောတူညီချက်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ဝန်ကြီးချုပ်မိုဒီက အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်ပြန့်ပွားမှုတွင် မြောက်ကိုရီးယားနှင့် ပါကစ္စတန်အကြား ဆက်နွယ်မှုရှိပုံကို သွယ်ဝိုက်ပြောကြားခဲ့သည်။

အာရှအရှေ့မြောက်ဒေသနှင့် တောင်အာရှဒေသအကြား အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက် ပြန့်ပွားမှုတွင် ဆက်နွယ်မှုရှိနေပြီး ယင်းဆက်နွယ်မှုအတွက် အိန္ဒိယနိုင်ငံက စိုးရိမ်ပူပန်မှုဖြစ်ရသည်ဟု ထိပ်သီးဆွေးနွေးပွဲတွင် မိမိက သမ္မတမွန်းအား ရှင်းပြခဲ့ကြောင်း၊ သို့ဖြစ်၍ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အိန္ဒိယနိုင်ငံပါဝင်လှုပ်ရှားရန် အကြောင်းဖြစ်စေကြောင်း၊ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲစေရန် မိမိ၏နိုင်ငံက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပင်လယ်ရေကြောင်း ပဋိပက္ခမှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများ၊ လေ့ကျင့်သင်တန်းပေးမှုများနှင့် အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို နှစ်ဆမြှင့်တင်ရေး စသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**အေအက်ဖ်ပီ**




## ဂျပန်နိုင်ငံ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၈၀ ကျော်အထိ မြင့်တက်လာ

**ကျိုတို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ သေဆုံးသူ ၁၈၀ ကျော်ထိမြင့်တက်ခဲ့ပြီး လူပေါင်း ၇၀၀၀ ကျော်အား ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားခဲ့ရကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

### ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ဟီရိုရှီးမားစီရင်စုတွင် လူပေါင်း ၇၁ ဦး သေဆုံးခဲ့ပြီး ၈၇ ဦး ပျောက်ဆုံးလျက်ရှိသည်။ ထို့ကြောင့် ဘေးအန္တရာယ်ဆိုးရွားစွာ ခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ခဲ့သည်။

ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီထိ စစ်တမ်းများအရ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသော စီရင်စု ၁၅ ခုရှိ ကယ်ဆယ်ရေးစခန်းများတွင် ဘေးဒုက္ခသည်ဦးရေ ၇၀၀၀ ကျော်ခန့် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသော ဒုက္ခသည်ဦးရေ အများဆုံးမှာ အိုအာရာမာ စီရင်စုမှဖြစ်ပြီး ဒုတိယအများဆုံး ရွှေ့ပြောင်းပေးခဲ့ရသည့် စီရင်စုမှာ ဟီရိုရှီးမားဖြစ်သည်။ အိုအာရာမာစီရင်စုရှိ ဒုက္ခသည်ဦးရေ ၃၀၈၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ဟီရိုရှီးမား စီရင်စုမှ ၂၉၉၆ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

### ရေပေးဝေမှုလုပ်ငန်းများဆောင်ရွက်

ရေပေးဝေမှုပြတ်လပ်လျက်ရှိသည့် အိမ်ထောင်စုပေါင်း ၂၄၄၀၀၀ ကျော်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ ဒေသန္တရစည်ပင်သာယာရေးနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ထရပ်ကားကြီးများဖြင့် ရေပေးဝေမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အိုအာရာမာ၊ ဟီရိုရှီးမားနှင့် ဟီမီစီရင်စုများတွင် အင်တာနက်ကွန်ရက်ဆက်သွယ်မှုလိုင်းများနှင့် တယ်လီဖုန်းလိုင်း ၁၂၀၀၀ ခန့် ပြတ်တောက်ခဲ့သည်ဟု NTT West ဆက်သွယ်ရေးကုမ္ပဏီက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## အာဆာဟာရာ၏ ရုပ်ကြွင်းပြာများကို ပင်လယ်တွင်းသို့ မျှောမည်

**တိုကျို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံတွင် ၁၉၉၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆာရင် အဆိပ်ဓာတ်ငွေ့လွှတ်တိုက်ခိုက်မှု၏နောက်ကွယ်မှ ကြိုးကိုင်ခဲ့သူ ကမ္ဘာပျက်မည့်နေ့ ဘာသာရေးအစွန်းရောက် ဂိုဏ်းခေါင်းဆောင် အာဆာဟာရာအား ကွပ်မျက်ခဲ့ကာ မီးသဂြိုဟ်ပြီးနောက် ၎င်း၏အရိုးပြာမှုန်များကို ၎င်း၏ နောက်လိုက်များက သူရဲကောင်းဗိမာန်တစ်ခုသဖွယ်ဖန်တီးခြင်းမှ ရှောင်လွှဲနိုင်စေရန် ပင်လယ်တွင်းသို့ မျှောချမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

အစွန်းရောက်ဘာသာရေးခေါင်းဆောင် အာဆာဟာရာ၏ အငယ်ဆုံးသမီးဖြစ်သူက ဖခင်၏ရုပ်ကြွင်းပြာမှုန်များကို စုစည်းကောက်ယူရန် သဘောတူညီခဲ့ပြီးနောက် တစ်ရက်အကြာတွင် ပြာမှုန်များကို ပင်လယ်တွင်းသို့ မျှောချရန် သမီးထွေး၏ရှေ့နေက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ကွပ်မျက်ခံရသူ ဂိုဏ်းခေါင်းဆောင် အာဆာဟာရာ၏ မိသားစုဝင်များအကြား ပြင်းပြင်းထန်ထန် အငြင်းပွားမှုများဖြစ်ပေါ်နေသည်ဟူသော သတင်းများထွက်ပေါ်စဉ် အတွင်း အဆိုပါအစီအစဉ်ကို ကြေညာခြင်းဖြစ်သည်။

ဂိုဏ်းခေါင်းဆောင်အာဆာဟာရာ၏ ဇနီးနှင့် သားသမီးများမှာ ဆက်ခံသောဂိုဏ်း၏ အဖွဲ့ဝင်များအဖြစ် ဆက်လက်ရှိနေကြပြီး အဆိုပါ သမီးတစ်ဦးတည်းသာ ဂိုဏ်းတွင် ပါဝင်ခြင်းမရှိပေ။ အဆိုပါသမီးထွေး မည်သူမည်ဝါဖြစ်သည်ကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။

အာဆာဟာရာ၏ရုပ်ကြွင်းပြာမှုန်များအား အထိမ်းအမှတ် သင်္ချိုင်းမှတ်တိုင်အဖြစ် ထားရှိရေးမှာ ၎င်း၏ နောက်လိုက်များအတွက် အရေးပါကြောင်း ရှေ့နေ တာရိုတာကီမိုတိုက ပြောကြားသည်။

အာဆာဟာရာ၏နောက်လိုက်များက ပြာမှုန်များကို အသုံးပြုပြီး ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အထိမ်းအမှတ်အဖြစ် ဖန်တီးနိုင်ခြင်းမရှိစေရန် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ မျှောချခြင်းမှာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ရှေ့နေ တာကီမိုတိုနှင့် အာဆာဟာရာ၏သမီးထွေးဖြစ်သူတို့ သဘောတူညီခဲ့ကြသည်။

အာဆာဟာရာ၏သမီးထွေးဖြစ်သူအား ဂိုဏ်းသားများက တိုက်ခိုက်မှုများပြုလုပ်လာနိုင်ဖွယ်ရှိခြင်းကြောင့် ၎င်းအားအကာအကွယ်ပေးရန် ဂျပန်အစိုးရကို ရှေ့နေ တာကီမိုတိုက တိုက်တွန်းပြောကြားသည်။

**အေအက်ဖ်ပီ**

# အင်္ဂလန်အသင်း ခရိုအေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့် ဗိုလ်လုပွဲတွင် ပြင်သစ်နှင့် ခရိုအေးရှား တွေ့မည်

ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ခရိုအေးရှားအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ပွဲစဉ်တွင် ခရိုအေးရှားအသင်းက အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ပွဲကစားချိန် ၅ မိနစ်တွင် ရရှိခဲ့သည့် ထရစ်ပီယာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့ရာတွင် ခရိုအေးရှားအသင်းသည် ပွဲကစားချိန် ၆၈ မိနစ်တွင် ရရှိခဲ့သည့် ပီရီဆစ်၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့ခြင်းကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရာတွင် ပွဲကစားချိန် ၁၀၉ မိနစ်၌ ခရိုအေးရှားက မန်ဇူကစ်၏ သွင်းဂိုးတစ်ဂိုး ထပ်မံရရှိခဲ့ခြင်းကြောင့် ခရိုအေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ထရစ်ပီယာသည် ၂၀၀၆ ခုနှစ်က အင်္ဂလန်အသင်းနှင့်အတူ ဒေးဗစ်ဘက်ခမ်းက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူခဲ့ပြီးနောက်ပိုင်း အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။ ခရိုအေးရှားအသင်းသည် အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ရာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ် ပါဝင်ကစားခွင့်ရရှိခဲ့ရာတွင် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် အဓိကပြိုင်ပွဲများတွင် ဆီမီးဖိုင်နယ်အဆင့် ငါးကြိမ်တက်လှမ်းခဲ့ရာတွင် လေးကြိမ်မှာ ရှုံးပွဲကြုံခဲ့ရသည်။ ယင်းပွဲစဉ်များမှာ ယူရို ၁၉၆၈ တွင် ယူဂိုဆလားဗီးယားကိုလည်းကောင်း၊ ၁၉၉၀ ကမ္ဘာ့ဖလားတွင် ဂျာမနီကိုလည်းကောင်း၊ ယူရို ၁၉၉၆ တွင် ဂျာမနီကိုလည်းကောင်း၊ ယခု ၂၀၁၈ ကမ္ဘာ့ဖလားတွင် ခရိုအေးရှားကိုလည်းကောင်း ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသည် ခရိုအေးရှားအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းနှင့် ဇူလိုင် ၁၄ ရက်တွင် တတိယနေရာလုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ခရိုအေးရှားအသင်းမှာမူ နောက်ဆုံးဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနှင့် တွေ့ဆုံမည် ဖြစ်ကာ အဆိုပါဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၅ ရက်တွင် ကျင်းပမည် ဖြစ်သည်။






## လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ်အား ပေါင်သန်း ၆၀ ဖြင့် မန်စီးတီးခေါ်ယူ

မန်စီးတီးအသင်းသည် လက်စတာစီးတီးအသင်း တောင်ပံကစားသမား မာရက်ဇ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ်ရှိ တောင်ပံကစားသမား မာရက်ဇ်သည် မန်စီးတီးအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားရရှိပြီးနောက် ပထမဆုံးခေါ်ယူခဲ့သည့်ကစားသမားလည်း ဖြစ်လာခဲ့သည်။

မာရက်ဇ်သည် လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က ပေးအပ်သည့် ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခဲ့သူဖြစ်ပြီး လက်စတာစီးတီးအသင်းအတွက် ပွဲပေါင်း ၁၇၉ ပွဲကစားပေးခဲ့ရာတွင် ၄၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ရီးယဲလ်တွင် ကိုးနှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် စီရိုနယ်လ်ဒို ဂျူဗင်တပ်သို့ ပြောင်းရွှေ့




ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘလွန်းဒီအောဆု)ကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့သည့် စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားသမားဘဝ ကိုးနှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းကလည်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်းကိုလည်း လွန်ခဲ့သည့်တစ်ပတ်ကတည်းက ကြေညာထားခဲ့ပြီးဖြစ်သည်။

မေလအတွင်းက ကျင်းပခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် စီရိုနယ်လ်ဒိုမှာ ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်ဆိုသည့် သတင်းများ ထွက်ပေါ်စဉ်ကတည်းက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်နေခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဂျူဗင်တပ်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားပြီး ပြောင်းရွှေ့ကြေး ပေါင် ၉၉ ဒသမ ၂ သန်း (ယူရို ၁၁၂ သန်း) ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘလွန်းဒီအောဆု)ကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အောင်မြင်မှုအရှိဆုံး ဥရောပကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ဥရောပရွှေဖိနပ်ဆုကို လေးကြိမ်အထိရယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကိုးနှစ်ကြာ ပါဝင်ကစားခဲ့ရာ လိဂ်ဖလားငါးကြိမ်၊ ချန်ပီယံလိဂ်ဖလားငါးကြိမ်နှင့် ဥရောပချန်ပီယံရှစ် ဖလားတစ်ကြိမ်အပါအဝင် ဆုဖလား ၂၆ ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ဥရောပ၏ ထိပ်တန်းလိဂ်ငါးလိဂ်၌ ကစားနေသည့် ကစားသမားများထဲတွင် လိဂ်သွင်းဂိုး ၃၉၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်တွင် သွင်းဂိုး ၁၂၀၊ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ကိုးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ဂိုးဖန်တီးပေးနိုင်မှုတွင်လည်း ချန်ပီယံလိဂ်တွင် ၃၄ ဂိုး၊ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြောက်ဂိုးဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ဂိုးဖန်တီးပေးနိုင်မှု အများဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် သွင်းဂိုး ၆၇၀ အထိ သွင်းယူနိုင်ခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲပေါင်း ၄၃၈ ပွဲကစားပေးခဲ့ရာတွင် သွင်းဂိုး ၄၅၀ အထိသွင်းယူနိုင်ခဲ့ပြီး ဟက်ထရစ်သွင်းယူနိုင်သည့် အကြိမ် ၄၄ ကြိမ်အထိရှိခဲ့သူ ဖြစ်သည်။

မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ စပို့တင်းလစ္စဘွန်းအသင်းနှင့် ပေါ်တူဂီအသင်းအပါအဝင် တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ ကစားသမားဘဝတစ်လျှောက်လုံး သွင်းဂိုးသည် ၆၅၉ ဂိုးအထိရှိခဲ့ကြောင်း သိရသည်။

# ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း ဈေးကွက်နှင့်အနီးစပ်ဆုံး ဈေးနှုန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိ



ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း

## တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး

၂၀၁၈ ခုနှစ် ဖွန်လလယ်မှစတင်၍ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပြီး မြန်မာငွေတန်ဖိုး ကျဆင်းခဲ့သည်။ ၂၀၁၇ ခုနှစ်ကစတင်၍ တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ ခန့်ဖြင့် တည်ငြိမ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဖွန်လလယ်ကစတင်ပြီး ဒေါ်လာတန်ဖိုး ပို၍မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဖွန် ၂၅ ရက်က တစ်ဒေါ်လာလျှင် ကျပ် ၁၃၇၀ ခန့်မှ ဖွန် ၂၇ ရက်တွင် ၁၄၀၄ ကျပ်အထိ မြင့်တက်သွားသည်။ နှစ်ရက်အတွင်း တစ်ဒေါ်လာလျှင် ကျပ် ၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဇူလိုင် ၂ ရက်တွင် တစ်ဒေါ်လာ ၁၃၈၈ ကျပ်၊ ဇူလိုင် ၁၀ ရက်တွင် တစ်ဒေါ်လာ ၁၃၉၈ ကျပ်၊ ထိုမှ ဇူလိုင် ၁၁ ရက်တွင် တစ်ဒေါ်လာ ၁၄၀၅ ကျပ်သို့ မြင့်တက်ခဲ့ပြန်သည်။ ၁၀ ရက်အတွင်း တစ်ဒေါ်လာ ၁၇ ကျပ်ခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက လတ်တလောကာလတွင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းသကဲ့သို့ အဓိက ကုန်သွယ်ဘက်နိုင်ငံများ၏ ငွေကြေးတန်ဖိုးများမှာလည်း ကျဆင်းနေသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှု နည်းနေသေးကြောင်း သုံးသပ်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းနှင့် မြန်မာ့သတင်းစဉ်တို့၏ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံကို တင်ပြအပ်ပါသည်။

**မေး။ ။မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း မတည်ငြိမ်မှုက မြန်မာ့စီးပွားရေး အပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာနိုင်ပါသလဲ။**

ဖြေ။ ။မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း အတက်အကျဆိုတာက လဲလှယ်နှုန်းတက်ခြင်းသည် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းဖြစ်ပြီး လဲလှယ်နှုန်းကျခြင်းသည် မြန်မာကျပ်ငွေတန်ဖိုးတက်ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားနိုင်ငံတွေနဲ့ ကုန်သွယ်မှုပြုရာမှာ ကုန်ပစ္စည်းတွေ တင်သွင်းခြင်း (Import)၊ တင်ပို့ခြင်း(Export) ကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)နဲ့ တန်ဖိုးသတ်မှတ်ပြီး ဆောင်ရွက်ရတဲ့အတွက် ဖော်ပြပါ ငွေလဲလှယ်နှုန်း တက်ခြင်း၊ ကျခြင်းက အဆိုပါနိုင်ငံရဲ့ ပို့ကုန်/သွင်းကုန်အပေါ် အဓိက သက်ရောက်မှုရှိပါတယ်။ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကတော့ မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေကို ဈေးချိုစေပြီး သွင်းကုန်ကို ဈေးကြီးစေပါတယ်။ ဒါကြောင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အားပေးပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံက ပို့ကုန်ထက် သွင်းကုန်က များနေတဲ့အတွက် ဈေးကြီးသွင်းကုန်တွေကို ပြည်တွင်းသို့ တင်သွင်းရာရောက်ပြီး ပြည်တွင်း ဈေးနှုန်းကို တက်စေတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း တက်စေပါတယ်။

မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းက တိုင်းပြည်ရဲ့ စီးပွားရေးအပေါ် သက်ရောက်မှု ရှိနိုင်ပေမယ့် လတ်တလောကာလမှာ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းသလို အဓိက ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုး တွေလည်း ကျဆင်းနေတဲ့အတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ် သက်ရောက်မှု နည်းနေသေးကြောင်း သုံးသပ်ရရှိပါတယ်။

မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းတက်ခြင်း၊ ကျခြင်းက မြန်မာ့စီးပွားရေးအပေါ် အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုသာ ရှိတာမဟုတ်ဘဲ အပေါင်းလက္ခဏာ ဆောင်သောသက်ရောက်မှု (ပို့ကုန်ဈေးချိုခြင်း)တွေလည်း ရှိပါတယ်။ ဒါပေမယ့် ငွေလဲလှယ်နှုန်း တည်ငြိမ်မှုမရှိပါက နိုင်ငံအတွင်းကို စီးဝင်မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ကို ဆွဲဆောင်မှုနည်းစေတဲ့အတွက် FDI ကျဆင်းနိုင်ပါတယ်။

မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းက ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေလဲလှယ်နှုန်း အတက်အကျပေါ်မှာလည်း တည်မှီနေပါတယ်။ လက်ရှိအခြေအနေမှာ အမေရိကန် ဒေါ်လာတန်ဖိုး အားကောင်းနေခြင်းနဲ့အတူ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် အမေရိကန်နိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ပို့ကုန်ကျဆင်းနေတဲ့အတွက် တရုတ်ယွမ်ငွေ တန်ဖိုးမှာလည်း ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုအများဆုံးဖြစ်တဲ့အတွက် တရုတ်ယွမ်ငွေ ကျဆင်းခြင်းက မြန်မာကျပ်ငွေတန်ဖိုးအပေါ် သက်ရောက်မှု ရှိနေပါတယ်။

**မေး။ ။ငွေလဲလှယ်နှုန်းတည်ငြိမ်ရေးအတွက် ဗဟိုဘဏ်အနေနဲ့ ဘယ်လို ဆောင်ရွက်နေပါသလဲ၊ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအမံတွေလည်း ရှိပါသလား။**

ဖြေ။ ။မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြား ငွေကြေးဈေးကွက်ရဲ့ အနေအထားကို ပုံမှန်စောင့်ကြည့်စစ်ဆေးနေပြီး ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေမယ့် ဈေးကစားမှုတွေကို ကြပ်မတ်ကွပ်ကဲလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှစတင်ပြီး စီမံခန့်ခွဲမှုရှိသော နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime)ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံတဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ဖို့ နိုင်ငံခြားငွေ ဈေးပြိုင်လေလံ (Auction)ကို ခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် အမှန်ဈေးကွက် အခြေခံတဲ့ ငွေလဲလှယ်နှုန်းဖြစ်ပေါ်စေဖို့ ဘဏ်အချင်းချင်း အကြား နိုင်ငံခြားငွေ အရောင်း/အဝယ် ပြုလုပ်တဲ့ ဈေးကွက်(Interbank Market) ကို ၂၀၁၃ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတွေလည်း အထိုက်အလျောက် ရရှိခဲ့ပါတယ်။

လက်ရှိမှာတော့ Auction မှာ ဘဏ်တွေရဲ့ ပါဝင်ဆောင်ရွက်မှု နည်းပါးလာတဲ့အတွက် ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်ကစပြီး IMF ရဲ့ အကြံပြုချက်အရ Interbank ဈေးကွက်အပေါ် အခြေခံပြီး နေ့စဉ်ရည်ညွှန်း ငွေလဲလှယ်နှုန်းကို သတ်မှတ်ပေးလျက် ရှိပါတယ်။ ဒါကြောင့် ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းက ဘဏ်အချင်းချင်းအကြား အရောင်း/အဝယ် ဖြစ်မှုအပေါ် အဓိကမူတည်သတ်မှတ်နေခြင်းကြောင့် ဈေးကွက်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ဈေးနှုန်းတစ်ရပ်ဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

Auction ကို စတင်ကျင့်သုံးစဉ်က ဈေးကစားမှုတွေကို ထိန်းသိမ်းဖို့ အနည်းဆုံးနဲ့ အများဆုံး ထားရှိရမယ့်ဈေးနှုန်း (±0.8% Trading Band) အတွင်း ရောင်းဝယ်ဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒီသတ်မှတ်ချက်က ဈေးကွက်ငွေလဲလှယ်နှုန်းကို ထင်ဟပ်မှုမရှိတဲ့ အခြေအနေမျိုးနဲ့ မကြာခဏ ကြုံတွေ့ရပြီး တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်မှုကို အားပေးရာရောက်တဲ့ မလိုလားအပ်သော အကျိုးသက်ရောက်မှုတွေ ရှိခဲ့တဲ့အတွက် အဆိုပါ Trading Band ကန့်သတ်ချက်ကို ဖြေလျှော့ပေးဖို့ စီစဉ်လျက်ရှိပါတယ်။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇူလိုင် ၁၁ ရက်က ခရီးသည်တင်ယာဉ်တစ်စီးနှင့် CALDINA VAN ယာဉ်တစ်စီးပေါ်၌ ကျွန်းခွဲသား သုည ဒသမ ၁၈၄၄ တန်၊ ပိတောက်ခွဲသား သုည ဒသမ ၂၄၀၄ တန်၊ ပိတောက်ဓားရွေ တန် ၁ ဒသမ ၇၄၂၀ နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ ဒသမ ၀၀၀ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၉၇ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၇၅၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၂၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၆၇၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၅၆၀ သိမ်းဆည်းရမိ

**မောင်တော ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဇူလိုင် ၁၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရွာသစ်ကေရပ်ကွက် အဘူပူဆိန်း (၅၈)နှစ် (ဘ) အာမိန်ဟင်းဇားတို့နှင့်အတူ နေအိမ်အား မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ရှာဖွေ ဝရမ်းအမှတ် (၂၃/၂၀၁၈) ဖြင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ အီစ္စမိုင်အား နေအိမ်အတွင်း မတွေ့ရှိဘဲ တစ်ရွာတည်းနေ ၎င်း၏တူမဖြစ်သူ အာစ်မာ(မ) (၁၉)နှစ်(ဘ) အဒူရော်ရှိ(ကျပန်း) အား တွေ့ရှိရသဖြင့် နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်အခန်း ဗီရိုအတွင်းမှ မူးယစ်ဆေးဝါးဟု ယူဆရသော ပလတ်စတစ်ဖြင့်ထုပ်လျက် အတောင့်လေးတောင့်နှင့် ၎င်းအိတ်ဘေးအတွင်း ချထားသော အတောင့် သုံးတောင့်၊ အိမ်နောက်ဘက် မီးဖိုချောင်အောက်၌ အတောင့်နှစ်တောင့် ပေါင်း ကိုးတောင့်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၈၆၅၀ နှင့် ဗီရိုအနီးရှိ ပလတ်စတစ်ဖြင့်ထုပ်လျက် အတောင့်တစ်တောင့်၊ WY စာတန်းရောရာပါ ပန်းရောင်စိတ်ကြွဆေးပြား ၅၉၁၀ ပြား၊ စုစုပေါင်း ဆေးပြား ၉၄၅၆၀ (ဆေးပြားတစ်ပြားလျှင် တန်ဖိုးငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၉၁၂၀၀၀၀ ခန့်)အား တွေ့ရှိခဲ့ရသဖြင့် နေအိမ်ပိုင်ရှင် အီစ္စမိုင်(ပြေး)နှင့် အာစ်မာ(မ)တို့နှစ်ဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ဇူလိုင် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အလက(၃)၌ မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လွင်နှင့် စခန်းမှူး ဒုရဲမှူး ဝင်းနိုင်တို့က အဆိုပါကျောင်း တော်ဝင်ခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေကာ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။**

မြို့နယ်ရဲတပ်ဖွဲ့

## မြန်မာ့ရုပ်မြင်သံကြား

**၁၃-၇-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | **MRTV Travelogue** |
| ၈း၃၅ | **"ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး (ဒုတိယနေ့) စကာသံများ"** |
| ၈း၄၅ | "မီးတစ်ပွင့်၏ရာဇဝင်" (အပိုင်း-၁) |
| ၉း၁၅ | **"1 On 1 Football skills Challenge Cup** ပြိုင်ပွဲအစီအစဉ်" |
| ၁၀း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၀၀ | မျက်မှောက်ရေးရာအစီအစဉ် |
| ၁၁း၃၀ | အလုပ်သမားရေးရာအဖြာဖြာ |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၄) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ) |
| ၁၃း၁၅ | **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Grand Final)(ရန်ကုန်မြို့) (တတိယပိုင်း)** |
| ၁၄း၃၅ | **"Weekly MNL Review" (Week-19)** |
| ၁၅း၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၁)** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၀ | **"1 On 1 Football skills Challenge Cup** ပြိုင်ပွဲအစီအစဉ်" |
| ၁၇း၀၅ | ကျန်းမာရေးမဂ္ဂဇင်း "အသည်းရောဂါအကြောင်း သိကောင်းစရာ"(အပိုင်း-၂) |
| ၁၇း၂၀ | **"မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ တစ်စိတ်တစ်ဒေသ"** |
| ၁၇း၃၅ | **Weekly Sport Info** |
| ၁၈း၂၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဘော်ဘော်ကထော်နှင့် တိမ်တိုက်တံတား" |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၅) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | **"ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး (တတိယနေ့) စကာသံများ"** -"ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်ပြုစုခြင်းအကြောင်း သိကောင်းစရာ" -**Britain's Got Talent (2)** -"ရွှေရောင်နေ့သစ်များဆီသို့" -အစီအစဉ်ပြီး၏။ |

# ခန္တီးမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်အမှတ်သို့ ရောက်ရှိနိုင်

**ခန္တီး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၂၁၃ စင်တီမီတာသို့ ရောက်ရှိနေပြီး မိုးဆက်လက်ရွာသွန်းပါက ခန္တီးမြို့၏ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

"မြစ်ရေတက်လာတာမြန်တယ်၊ ဒီဒေသမှာတော့ မိုးတွင်းဆိုရင် နှစ်တိုင်းလို ရေကြီးရေလျှံမှုဖြစ်ပေါ်နေတော့ ဒေသခံပြည်သူတွေကလည်း ရေဘေးကြိုတင်ပြင်ဆင်နေပါတယ်။ ခန္တီး ကယ်ဆယ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသုတစိုးနှင့် ဌာနဆိုင်ရာက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေကိုလည်း ဇာတ်တိုက်လေ့ကျင့် အသိပေးထားပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မိုးဆက်လက်ရွာသွန်းနေမှုကြောင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စုများတွင် တောင်ကျရေများ ဝင်ရောက်လျက်ရှိရာ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

**ချန်လာ(ခန္တီး)**

# မမေ့နိုင်တဲ့ တစ်ဆယ့်ကိုးဇူလိုင်မှသည် အနာဂတ်ဆီသို့

မောင်စာဂ

ဇူလိုင်လ ၁၉ ရက်နေ့ရောက်တော့မည်။ အာဇာနည်နေ့ ကျင်းပတော့မည်။ ၇၁ နှစ် ပြည့်မြောက်ပြီ။ ကြာခဲ့ပါလေပြီ။ သို့သော် ကြာလေလေမမေ့နိုင်ဘဲ ဖြစ်နေရသည်။ တမ်းတနေရသည်။ လွမ်းတသသဖြစ်ရသည်။ အတုယူနေရသည်။ ဂုဏ်ပြုနေကြရသည်။ ထိုသူသည်ကား ဗိုလ်ချုပ်ပင် ဖြစ်သည်။ ဗိုလ်ချုပ်ဟု ဆိုလိုက်လျှင်ပင် အထူးပြောစရာမလို။ အားလုံးက အလိုလိုသိနေကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဟူ၍ပင်။

## ဗိုလ်ချုပ် ဘယ်မှာမွေးဖွားခဲ့သလဲ

ဗိုလ်ချုပ်ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ ဦးဖာဖြစ်ပြီး မိခင်မှာ ဒေါ်စုဖြစ်သည်။ မွေးဖွားသည့်နေ့ရက်မှာ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဖြစ်သည်။ ဗိုလ်ချုပ်၏ အဘိုးမှာ ဗိုလ်မင်းရောင်ဖြစ်သည်။ နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက် တိုက်ပွဲဝင်ခဲ့သည့် သူရဲကောင်းတစ်ဦးဖြစ်သည်။

## ဗိုလ်ချုပ် ဘယ်နေ့ကွယ်လွန်သွားခဲ့သလဲ

ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ယခုလာမည့် ဇူလိုင် ၁၉ ရက်နေ့ရောက်လျှင် ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည်မှာ ၇၁ နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။ ဗိုလ်ချုပ်ကွယ်လွန်သည်မှာ ရိုးရိုးမဟုတ်၊ နယ်ချဲ့လက်ပါးစေတို့၏ ရက်စက်ယုတ်မာစွာ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရခြင်းဖြစ်သည်။

## ဗိုလ်ချုပ်ကို မမီလိုက်ပါ

စာရေးသူသည် ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက် အညာဒေသမှ ရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သည်။ ဗိုလ်ချုပ်ကွယ်လွန်ပြီးနောက်မှ မွေးဖွားလာသူဖြစ်၍ ဗိုလ်ချုပ်ကို မမီလိုက်ပါ။ မမြင်မတွေ့ မသိလိုက်ရပါ။ သို့သော် ရင်ထဲတွင်တော့ အမြဲရှိနေသည်။ အဘယ်ကြောင့်ပါနည်း။

> “ကမ္ဘာ့ဇာတ်ခုံကြီးမှာ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့၊ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြပါစို့ . . .”

## ငယ်စဉ်ကလေးဘဝ

ငယ်ရွယ်စဉ်ကလေးဘဝ လူမှန်းသူမှန်းသိတတ် သည့်အချိန်၊ အသိစိတ်ဝင်၍ မှတ်သားနိုင်သည့်အချိန်တွင် စတင်၍ စွဲစွဲမြဲမြဲ မှတ်သားမိလိုက်သည်မှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ မိခင်ဖြစ်သူက “ရာဇဝင်အတ္ထုပ္ပတ္တိလည်းရှိရမယ်၊ မော်ကွန်းလည်းထိုးလောက်တယ်၊ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်” “ငါတို့ ဗမာပြည် မိဘတိုင်းကရယ်၊ ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးကြရမယ်” သီချင်းများဆို၍ ချော့သိပ်သည်။ ဖခင်ဖြစ်သူက မကြာမကြာ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းကို အားရပါးရပြောပြတတ်သည်။ ဗိုလ်ချုပ်အကြောင်းငယ်စဉ်ကပင်ရင်ထဲတွင် ကိန်းဝပ်လာခဲ့သည်။

## မူလတန်းကျောင်းသားဘဝ

အလွတ်ရနေသော ကဗျာတစ်ပုဒ်သည်ကား “ဖေဖော်ဝါရီ ၁၃ မှာ ဗိုလ်ချုပ်မွေးနေ့ပါ။ တစ်ထောင့် ကိုးရာတစ်ဆယ့်ငါး၊ ရွှေနေဦးဖာသား၊ ဇာတိနတ်မောက်၊ မကွေးခရိုင်၊ သိကြအများ ယခုတိုင်၊ ကြံ့ကြံ့ခိုင်တဲ့ ဇာနည်ဘွား၊ မိခင်ဒေါ်စုသား” ဟူ၍ဖြစ်သည်။ နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း ကျောင်းပိတ်သည်။ အာဇာနည်နေ့ဖြစ်သည်ကို ကောင်းစွာမှတ်သားထားသည်။ အာဇာနည်နေ့ဟု သတ်မှတ်ရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်နေ့ဟု ကောင်းစွာသိထားသည်။ ရွာမှ မူလတန်းကျောင်းအုပ် ဆရာကြီး ဦးသာတင် (ယခုမရှိတော့) က အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို ပြောပြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပုံကို ပြောသည်။ ဆရာကြီးက လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် သူပါဝင်ဆောင်ရွက်ခဲ့ပုံများကို ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံစကားပြောဖူးကြောင်း၊ ဗိုလ်ချုပ်ပြောသော မိန့်ခွန်းများကို သူကိုယ်တိုင် နားထောင်ခဲ့ဖူးသည်များပြောပြသည်။ ပြောရင်း ပြောရင်း မျက်ရည်များ ရစ်ဝဲလာသည်။ ယနေ့ထိ မြင်ယောင်နေမိသည်။

## အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဘဝ

အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသားဘဝတွင် ဗိုလ်ချုပ်အကြောင်းကို ပို၍သိလာသည်။ ပင်လုံစာချုပ်၊ အောင်ဆန်း-အက်တလီစာချုပ်များ အကြောင်း ကောင်းစွာ ကျက်မှတ်ကြရသည်။ အာဇာနည်နေ့အကြောင်း စာစီစာကုံး ကောင်းစွာရေးတတ်ဖို့ လေ့ကျင့်ရသည်။ အာဇာနည်နေ့ အခမ်းအနားများတွင် ကိုယ်တိုင်ပါဝင် ဟောပြောခဲ့ရသည်များရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သမျှ စာအုပ်စာပေတွေ ရှာဖွေ၍ အမြဲဖတ်လေ့ရှိခဲ့သည်။ ရန်ကုန်အလည်အပတ်ရောက်လျှင် ရွှေတိဂုံဘုရားကိုဖူး၊ အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်ကို မဖြစ်မနေ သွားရောက်ကြည့်ရှုကြရသည်။ ရှမ်းပြည်နယ်တောင်ကြီးဘက်ရောက်လျှင် ပင်လုံကျောက်တိုင်ကို မရောက်ရောက်အောင် သွားကြသည်။ အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်မိန့်ခွန်းတွေ ရေဒီယိုမှ တလှိုင်လှိုင်ကြားခဲ့ကြရသည်။ အာဇာနည်နေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ကျင်းပခဲ့ကြသည်။

## လုပ်ငန်းခွင်ဘဝ

ဘွဲ့ရပြီးနောက် အစိုးရတာဝန် ထမ်းဆောင်ရသည့် မြို့နယ် အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်၊ ဆင့်ကဲဆင့်ကဲ အဆင့်မြင့်ရာထူးတာဝန်များ ထမ်းဆောင်ရသည်။ တာဝန်ထမ်းဆောင်ခဲ့ရာနေရာတိုင်းတွင် နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့ရောက်တိုင်း အာဇာနည်နေ့ အခမ်းအနားများ ကျင်းပရာတွင် ဦးဆောင်ဦးရွက် အခန်းကဏ္ဍမှပါဝင်ခဲ့ရသည်။ ပီတိဖြစ်ခဲ့ရသည်။

## လက်ဆင့်ကမ်း အမွေပေးရပြန်ပြီ

အိမ်ထောင်ကျပြီး သား သမီးများ ရလာသည့်အခါ အမေဖြစ်သူက ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော တေးသီချင်းများဆို၍ ချော့သိပ်ရပြန်သည်။ သားတွေသမီးတွေက ဆိုပြပါဟု ပြောလာလျှင် အမေဖြစ်သူမှာ မမောနိုင်မပန်းနိုင်ဆိုပြရသည်။ အဖေဖြစ်သူကတော့ ဗိုလ်ချုပ်နှင့် ပတ်သက်သည့် သိကောင်းစရာကလေးများကို မကြာမကြာ ပြောပြပေးရပြန်သည်။

ထူးထူးဆန်းဆန်းပီတိဖြစ်ရသည်ကား သည်ကနေ့ ၇၁ နှစ်မြောက် အာဇာနည်နေ့ကျင်းပရန် နီးလာတော့ အစိုးရ နေ့စဉ်ထုတ်သတင်းစာများမှာ ဗိုလ်ချုပ်နှင့် ပတ်သက်သည့်အကြောင်း ဆောင်းပါးများ နေ့စဉ်ပါနေသည်။ အတူနေ မြေးသားလေးဖြစ်သူ စတုတ္ထတန်းကျောင်းသားကလေးက ဘိုးဘိုး . . . ဘိုးဘိုး ဗိုလ်ချုပ် အောင်ဆန်းအကြောင်းဖတ်ချင်လို့ သတင်းစာပေးပါတဲ့၊ ဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အကျဉ်းချုပ် ဤသို့ပြောပြပေးရပြန်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၂၀ အရွယ်တွင် ကျောင်းသားခေါင်းဆောင်ဖြစ်လာသည်။ ၂၄ နှစ်အရွယ်တွင် နိုင်ငံရေးခေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်လာသည်။ ရဲဘော်သုံးကျိပ် ပြည်ပသို့ လျှို့ဝှက်စွာထွက်ခွာပြီး စစ်ပညာသင်ယူရာတွင် ဦးဆောင်ခဲ့သည်။ ၂၈ နှစ်အရွယ်တွင် ဘီဒီအေ စစ်သေနာပတိချုပ်ရာထူး တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို စတင်ဖွဲ့စည်းပေးခဲ့သူဖြစ်သည်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပေးနိုင်သည်။ လွတ်လပ်ရေးကို အာမခံချက်ပေးမည့် ပင်လုံစာချုပ်ကို ဦးဆောင်ချုပ်ဆိုပေးနိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာ၊ လူထုခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ တပ်မတော်၏ ဖခင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းက တည်ကြည်ဖြောင့်မတ်သည်။ ရိုးသားဖြူစင်သည်။ အနစ်နာခံသည်။ ကိုယ်ကျိုးစွန့်သည်။ ခြိုးခြံချွေတာသည်။ အများအကျိုးကို ရှေးရှုသည်။ သူရဲကောင်းစိတ်ရှိသည်။ မျိုးချစ်စိတ်ရှိသည်။ တိုင်းပြည်လွတ်လပ်ရေးရဖို့ တစ်ခုတည်းကိုသာ အာရုံစိုက်သည်။ ကြိုးစားသည်။ ဇွဲလုံ့လရှိသည်။ သည်းခံသည်။ မေတ္တာတရား သစ္စာတရားရှိသည်။ စည်းရုံးနိုင်သည်။ ခေါင်းဆောင်မှုပေးနိုင်သည်။ ဗိုလ်ချုပ်၏ ပင်ကိုအရည် အချင်းများကို စာဖွဲ့၍ မကုန်နိုင်။ ဒါကြောင့် ဗိုလ်ချုပ်ကို အခုချိန်ထိ လူတိုင်းက လေးစားဂုဏ်ပြုနေကြသည်။

မြေးသားကလေးမှာ စိတ်ဝင်တစား နားထောင်နေသည်။ ပြောပြသမျှ အကုန်မမှတ်မိနိုင်သော်လည်း စွဲမှတ်သင့်သလောက်တော့ စွဲမှတ်သွားပေးမည်။ ပြောရင်း ပြောရင်းနှင့် ဗိုလ်ချုပ်အကြောင်းကြာလေလေ မမေ့နိုင်ဘဲ ဖြစ်နေရပါလားဟု ရေရွတ်မိသည်။

## မဟောင်းမနွမ်း သစ်ပြီးရင်းသစ်နေသည်

ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည်မှာ ၇၁ နှစ်ပြည့်မြောက်တော့မည်ဆိုသော်လည်း ရန်ကုန်မြို့နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်ပြတိုက်များ သစ်ပြီးရင်းသစ်နေသည်။ လာရောက်ကြည့်ရှုသူတွေ များပြားလှသည်။ ပင်လုံမြို့ရှိ ဗိုလ်ချုပ်ကျောက်တိုင်ပို၍ပို၍ ကြံ့ကြံ့ခိုင်ခိုင် မားမားမတ်မတ် ရပ်တည်လျက်ရှိသည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီခြေတော်ရင်းရှိ အာဇာနည်ဗိမာန်ကြီးမှာ ယခင်က အာဇာနည်ကြီးတစ်ဦးလျှင် အုတ်ဂူတစ်ဂူစီ၊ အကာမပါ သာမန်သွပ်မိုးအဆောက်အအုံ ဖြင့်ရှိနေခဲ့ရာမှ ယခုအခါတွင် ခံ့ခံ့ညားညား၊ ဝင့်ဝင့်ကြွားကြွားဖြင့် ထည်ဝါနေသည်။ ထိုနည်းတူစွာ ဗိုလ်ချုပ်၏ မိန့်ခွန်းများ ဟောင်းနွမ်းမသွား၊ သစ်ပြီးရင်းသစ်နေသည်။ နားထောင်ပြီးရင်း နားထောင်ချင်နေသည်။ ခွန်အားတွေဖြစ်စေသည်။ အားမာန်တွေ တက်စေသည်။

## သည်ကနေ့သည်အချိန်အတွက် ပြောခဲ့တာများလား

ဗိုလ်ချုပ် ကျဆုံးမသွားပါ။ ဗိုလ်ချုပ်၏ တိုင်းပြည်နှင့် လူမျိုးအတွက် မမောနိုင်မပန်းနိုင် လမ်းညွှန်မိန့်ကြားခဲ့သည့် မိန့်ခွန်းများ အမြဲတမ်း ရှင်သန်လန်းဆန်းနေသည်။ ဗိုလ်ချုပ်၏ မိန့်ခွန်းများ နားထောင်ရသည်မှာ ဘယ်သောအခါမျှ ရိုးသွားသည်မရှိပါ။ အချို့သော မိန့်ခွန်းတော်တော်များများသည် သည်ကနေ့သည်အချိန်အတွက် မျှော်မှန်း၍ပြောခဲ့လေသလား မှတ်ယူရသည်။ များလှစွာသော လိုက်နာမှတ်သားဖွယ် အဆိုအမိန့်များထဲမှ ဥပမာထုတ်ပြပါရစေ။

“တိုင်းသူပြည်သားလူအများက ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်၊ မလိုသူတွေက ဘယ်လိုပဲတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်” (၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြောကြားသည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

“တစ်တိုင်းတစ်ပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှပဲ အကျိုးရှိကြောင်းသိနိုင်တယ်” (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အနာဂတ်ဆီသို့

အပြစ်မမြင်၊ အပြစ်မတင်၊ အပြုသဘောအသွင်၊ အပြုသဘောဆင်ခြင်၍ ယထာဘူတ၊ ဓမ္မဓိဋ္ဌာန်ကျကျ၊ အရှိကိုအရှိတိုင်း ရှုမြင်သုံးသပ်ကြည့်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတကာနှင့် ဒေသတွင်း အခြားနိုင်ငံများနှင့် ယှဉ်ပါက အဘက်ဘက်မှ နောက်ကျနေသည်ကို တွေ့မြင်ကြရပါမည်။

သည်ကနေ့ ဒီမိုကရေစီအုပ်ချုပ်ရေး၊ ဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်နေကြပြီ။ နိုင်ငံတကာနှင့် ယှဉ်နိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် အခြေခံအားဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြရမည်။ ယုံကြည်မှု ခိုင်မြဲကြရမည်။ တစ်ခုတည်းသော ဦးတည်ချက်လမ်းကြောင်းပေါ်တွင် တူညီသောအမြင်၊ တူညီသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြဖို့ အမှန်တကယ်လို အပ်နေပါပြီ။ အမြင်ကျယ်ကျယ်၊ အတွေးနက်နက်ဖြင့် သားစဉ်မြေးဆက်၊ နောင်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သော အမွေကောင်းများ ချန်ထားခဲ့ရစ်နိုင်ရေး ကြိုးစားဆောင်ရွက်သင့်ကြပါပြီ။

ဗိုလ်ချုပ်ကို ထာဝစဉ် ချစ်ခင်ကြိုဆိုလေးစားမြတ်နိုးတန်ဖိုးထားသောစိတ်ဖြင့် လွမ်းတ ဂုဏ်ပြုရင်း ဗိုလ်ချုပ်မှာကြားပြောစကားအရနှင့်ပင် နိဂုံးချုပ်တိုက်တွန်းပါရစေ။

“ကမ္ဘာ့ဇာတ်ခုံကြီးမှာ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီး ပြုပြင်ကြစို့၊ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြပါစို့၊ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့၊ ကျွန်တော်တို့အားလုံး၊ စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာ ဆရာရော၊ ဗမာတစ်မျိုးသားလုံးယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလိုက်ကို တူပြိုင်ပြိုင် လုပ်ကြပါစို့”

**(၁၉၄၇ ခုနှစ်၊ အိုးဝေမဂ္ဂဇင်းတွင် ပဲခူးဆောင်ကျောင်းသား ဗိုလ်ချုပ် အောင်ဆန်း၏ အာဘော်နှင့် အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)**

ယုံကြည်မှု တည်ဆောက်နိုင်ကြပါစေ၊
ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်ပါစေ၊
အနာဂတ်မျိုးဆက်အတွက် မျှော်မှန်းရှုမြင်လမ်းသစ် ထွင်နိုင်ကြပါစေ။ ။

တိုတိုထွာထွာဖတ်စရာ

## အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**အထက်မင်းလှ**
သရက်ခရိုင် မင်းလှမြို့နယ် အထက (မင်းလှ) သိပ္ပံဆောင်၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီ က (၇၁)နှစ်မြောက် အာဇာနည်နေ့အကြို ကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့သည်။

ကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၃၄ ဦးက အာဇာနည်ခေါင်းဆောင်ကြီးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးက ၁၉ ဇူလိုင်မမေ့နိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

## ခြင်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ထီးချိုင့်**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပရဟိတလူမှုရေးအဖွဲ့တို့ပူးပေါင်း၍ ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက အမှတ် (၁) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ရပ်ကွက်အတွင်းသို့ ခြင်ဆေးမှုတ်စက်ဖြင့် နေရာအနှံ့လိုက်လံကာခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးပက်ဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ကျန်ရှိသည့်ရပ်ကွက်များသို့လည်း ခြင်နှိမ်နင်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ခဲ (ထီးချိုင့်)**

## စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်စိုက်ပျိုး

**အမရပူရ**
အမရပူရမြို့နယ်မြစ်ငယ်-ထုံးဘိုဖြတ်လမ်းရှိဆေးဝါးတက္ကသိုလ်(မန္တလေး) ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

တက္ကသိုလ်မျက်နှာစာနှင့် ဝန်ထမ်းအိမ်ရာဝန်းကျင်တွင် အရိပ်ရသစ်ပင်များအား တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပါမောက္ခချုပ်ဒေါက်တာသိန်းမေစော၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်၊ ဆေးဝါးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးမြို့ရှိ ဧရာဝတီဘဏ်ခွဲများမှ ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးကြသည်။

အလားတူသစ်ပင်စိုက်ပျိုးပွဲကို ရတနာပုံတက္ကသိုလ်တွင်လည်း ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ညောင်ဦးမြို့နယ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**ညောင်ဦး**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကြအိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် ကြအိုကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိသည့် ညောင်ဦးမြို့နယ်ကြအိုကျေးရွာ အ-ထ-က ကျောင်းတွင် (KG)တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**
ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဂုဏ်ပြုခြင်း အထိမ်းအမှတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီ သစ်ပင်စိုက်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနရုံးနှင့် တော်ဝင်ရတနာ လမ်းအကြားရှိ Buffer Zone ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်၍ မဟော်ဂနီပင် စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ ဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ ဦးဆန်းနိုင်နှင့် ဦးကျော်ဇင်လတ်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် ဝန်ထမ်းများက မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ၊ ငုံ၊ ထန်းပင် စုစုပေါင်းအပင် ၂၈၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ရွှေကုက္ကို)**



## သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေး စမ်းသပ်စစ်ဆေးမှုခံယူနိုင်

**မကွေး ဇူလိုင် ၁၂**
သားမြတ်ကင်ဆာပြီးလျှင် ဒုတိယ အဖြစ်အများဆုံး ဖြစ်ပွားနေသည့် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းများ လျော့ကျစေရန် ရည်ရွယ်၍ မကွေးဆေးရုံ မြေညီထပ်အဝင်ဝအနီး၌ သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆိုင်ရာ ဆေးခန်းတစ်ခုကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက စတင်ဖွင့်လှစ်ပြီး စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ပေးနေပြီဖြစ်သည်။

မကွေးဆေးတက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာ ခင်မေသင်းက "သားအိမ်ခေါင်းကင်ဆာ ကာကွယ်တဲ့နည်းလမ်းတွေကို မီးယပ်ဌာနနဲ့ ပြင်ပ OPD မှာရော လုပ်ခဲ့ကြတာပါ၊ အခုက သီးသန့်ခွဲထွက်လိုက်ပြီးတော့ တစ်စိုက်မတ်မတ်လုပ်ဖို့ ရည်ရွယ်ပြီး ခုလို ဖွင့်လှစ်လိုက်ရတာပါ၊ အခုက ရောဂါဖြစ်တဲ့ လူကို ရှာတာမဟုတ်သေးဘူး၊ ကြိုအဆင့်ဖြစ်တဲ့သူကို ရှာတာပါ၊ သားအိမ်ခေါင်းကင်ဆာကို နောင် ၁၀ နှစ်၊ ၁၅ နှစ်မှာ ဖြစ်မယ့် အမျိုးသမီးတွေကို ရှာဖွေတာပေါ့၊ ဆိုလိုတာက ဒီအမျိုးသမီးတွေက ရောဂါလက္ခဏာမရှိဘူး၊ စစ်လိုက်ခြင်းအားဖြင့် သားအိမ်ခေါင်းကင်ဆာ မဖြစ်ခင် ကြိုအဆင့်လေးတွေကို ဆောလျင်စွာသိရှိတယ်၊ ၁၀ နှစ်လောက် ကြိုသိပြီးတော့ ဒီသားအိမ်ခေါင်းကို ဖြတ်ထုတ်လိုက်တယ်၊ ဖြတ်ထုတ်လိုက်ခြင်းအားဖြင့် အသက် ၃၀ အမျိုးသမီးဟာ နောင် ၁၀ နှစ်ကြာလို့ အသက် ၄၀ မှာ သားအိမ်ခေါင်းကင်ဆာဖြစ်မယ့်ဟာ မဖြစ်တော့ဘူးပေါ့၊ တားဆီးလိုက်တာပေါ့" ဟု ရှင်းပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာအမျိုးသမီးများ၌ နှစ်စဉ်သားအိမ်ခေါင်းကင်ဆာ ၆၄၃၄ ဦးဖြစ်ပွားကာ ၃၅၃၆ ဦး သေဆုံးသည်ဟု ခန့်မှန်းထားပြီး အဆိုပါရောဂါမှာ ကုသရန်ခက်ခဲ၍ သေစေနိုင်သော်လည်း ကာကွယ်၍ရသောကင်ဆာဖြစ်ကြောင်း၊အိမ်ထောင်ရှင် (လိင်ဆက်ဆံမှု ရှိထားသူ) အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ အမျိုးသမီးတိုင်း စစ်ဆေးသင့်ပြီး ကူးစက်တတ်သော ကြွက်နို့ရောဂါပိုး ကြောင့်ဖြစ်တတ်သည့် ယင်းရောဂါ ဖြစ်နိုင်ခြေ ရှိ၊ မရှိကို ငါးနှစ်တစ်ကြိမ် စစ်ဆေးသင့်ကြောင်း သိရသည်။

"ကြိုတင်ကာကွယ် တားဆီးလိုက်လို့ ကျောက်ရောဂါဆိုတာ မြန်မာနိုင်ငံမှာ မတွေ့တော့ဘူး၊ အခု သားအိမ်ခေါင်းကင်ဆာတွေ အဖြစ်များတယ်၊ ဒါပေမယ့် နောင် ၁၀ နှစ်လောက်ကြာတဲ့အခါ သားအိမ်ခေါင်းကင်ဆာက ရှားပါးတဲ့ရောဂါ ဖြစ်သွားလိမ့်မယ်၊ ကျွန်မတို့က ကြိုအဆင့်တွေကို ကုပေးလိုက်တဲ့အတွက်ကြောင့် ရောဂါဖြစ်တဲ့ထိကို တက်မလာနိုင်တော့ဘူး၊ ဒါကြောင့်မို့ ဒီဆေးခန်းလေးကို ဖွင့်ရခြင်းဖြစ်ပါတယ်၊ အားလုံးက အားစိုက်ပြီး လုပ်ကိုင်မယ်ဆိုရင် သားအိမ်ခေါင်းကင်ဆာကို ဒီမြို့နယ်၊ ဒီတိုင်းဒေသကြီးမှာ လျော့ချနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပါမောက္ခဒေါက်တာခင်မေသင်းက ပြောသည်။



ကာကွယ်ဆေးပေါ်နေပြီဖြစ်သော်လည်း ကာကွယ်ဆေး၏ တန်ဖိုး ပမာဏ ကြီးသည့်အတွက်ကြောင့် လူတိုင်း ထိုးနှံနိုင်မည်မဟုတ်ကြောင်း၊ ကင်ဆာမဖြစ်ခင် အကြိုပြောင်းလဲမှု ရှိသူများ၏ ပုံမှန်မဟုတ်သောနေရာများအား လျှပ်စစ်ဓာတ်ဖြင့် မီးရှို့ဖျက်ဆီးခြင်း၊ အအေးဓာတ်ပေးပြီး အေးခဲစေခြင်း၊ လေဆာနှင့် ဖျက်ဆီးခြင်း စသည့်နည်းလမ်းများဖြင့် ကုသနိုင်ကြောင်း၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီမှစ၍ ဆေးခန်းဖွင့်လှစ်ထားပြီး စမ်းသပ်စစ်ဆေးမှုများ ခံယူနိုင်ကြောင်း သိရသည်။ **ဇေယျာတု (မကွေး)**

## ချမ်းမြရွှေပြည်(ကွဲဆည်ကန်)ကားကြီးဝင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် အဆင့်မြှင့်တင် တည်ဆောက်မည်

**မန္တလေး ဇူလိုင် ၁၂**
ချမ်းမြရွှေပြည်(ကွဲဆည်ကန်) ကားကြီးဝင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ဦးရဲမွန်က ပြောသည်။

အဆိုပါကားကြီးဝင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရန်နှင့် ခေတ်မီစနစ်ကျသော မြို့တော်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဆောက်လုပ်ခွင့်အတွက် တင်ဒါအောင်မြင်ခဲ့သော M-Development ကုမ္ပဏီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တင်ဒါအောင်မြင်တဲ့ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီးတာတော့ ကြာပါပြီ၊ တည်ဆောက်မယ့် ဒီဇိုင်းပုံစံကို စိတ်ကြိုက်မ ဖြစ်တဲ့အတွက် ပြန်လည်ရေးဆွဲခိုင်းခဲ့တယ်၊ ဒါကြောင့် ဒီဇိုင်းတင်သွင်းမှုကြန့်ကြာခဲ့တာပါ၊ အခုတင်ပြလာတဲ့ ဒီဇိုင်းကို ကျွန်တော်တို့ အတည်ပြုလက်ခံလိုက်ပါပြီ၊ အခုဆိုရင် MIC ရဲ့ ခွင့်ပြုချက်လည်း ရပြီဖြစ်တဲ့အတွက် မြေပြင်မှာ စတင်လုပ်ကိုင်လို့ရတဲ့ အနေအထားကို ရောက်ရှိသွားပါပြီ" ဟု ၎င်းက ပြောသည်။

အဆိုပါ ကွဲဆည်ကန်ကားကြီးဝင်း အဆင့်မြှင့်တင်ရန်အတွက် တံခွန်တိုင်အဝိုင်းအနီးတွင် ယာယီကားဝင်းကို ခြောက်လနှင့် အပြီးတည်ဆောက်ကာ စနစ်တကျပြောင်းရွှေ့နိုင်ရန် တည်ဆောက်မည့် ဒီဇိုင်းကိုလည်း အတည်ပြုပြီးဖြစ်သဖြင့် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်နှစ်ကုန်ပိုင်းမှာ လက်ရှိ ကားကြီးကွင်းကနေ ယာယီကားဝင်းကို ပြောင်းရွှေ့အသုံးပြုရမှာဖြစ်ပါတယ်၊ ဒီလိုအဆင့်မြှင့်တင်တဲ့လုပ်ငန်းမှာ ပြည်သူအားလုံးက စိတ်ချမ်းမြေ့စွာ စနစ်တကျနဲ့ ခေတ်မီတဲ့ ကားဝင်းအဖြစ် အသုံးပြုနိုင်အောင် ကျွန်တော်တို့ စည်ပင်က ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒုတိယ မြို့တော်ဝန်က ဆက်လက်ပြောသည်။

ကွဲဆည်ကန်ကားကြီးဝင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ခေတ်မီအဆောက်အအုံများ၊ ဟိုတယ်သို့မဟုတ် ကွန်ဒို၊ ကားပါကင်၊ ဈေးဝယ်စင်တာ၊ ဆိုက်ရောက်ထွက်ခွာနေရာများ၊ နားနေခန်း၊ လက်မှတ်ရောင်းချသည့်စင်တာ၊ စားသောက်ဆိုင်၊ ဓာတ်လှေကား၊ ကုန်တင်ဂိတ်နှင့် ခရီးသည်အတင်အချပြုလုပ်သည့်နေရာများကို ခွဲခြားထားပြီး တည်ဆောက်မှုပိုင်းဆိုင်ရာများကို နိုင်ငံတကာအဆင့်မီကားဝင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးနှံပေး

**ချမ်းအေးသာစံ ဇူလိုင် ၁၂**
အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာကျန်းမာရေးပညာပေးဟောပြောခြင်း၊ အသည်းရောင်အသားဝါ ရောဂါ ရှိ-မရှိစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းကို ဇူလိုင် ၁၁ ရက်က မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)၊ ရွာသာကြီးစက်ရုံခွဲမှ ဒုတိယစက်ရုံမှူး ဒေါ်အောင်သန္တာဦးနှင့် ကျန်းမာရေးဝန်ထမ်းများက အသည်းရောင်အသားဝါရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား အသည်းရောင်အသားဝါဘီရောဂါပိုး ရှိ-မရှိ သွေးစစ်ဆေးပြီး ရောဂါပိုးမရှိသူများကို ကာကွယ်ဆေးများထိုးနှံပေးသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကာကွယ်ဆေးထိုးနှံလိုသည့် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများသို့ မိုလ်ဘိုင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး၍ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးလိုသော အခြေခံပညာကျောင်းများသည် မြန်မာ့ဆေးဝါးလုပ်ငန်း ဖုန်း ၀၁-၆၄၆၂၇၃၊ ၀၆၇-၄၀၈၃၈၀ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအတွင်းရှိ သဘာဝအလှအပများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၂**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လုံခြုံစိတ်ချစွာဖြင့် အဆင်ပြေလွယ်ကူစွာ သွားရောက်လည်ပတ်နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ လေကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ်ဝင်/ထွက်ပေါက်များမှ လာရောက်သည့် ခရီးသွားဧည့်သည်များအတွက်လည်း ဝင်/ထွက်သွားလာမှုလွယ်ကူစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့်လည်း နယ်စပ်ဖြတ်ကျော်ကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီး နိုင်ငံအတွင်းရှိ သဘာဝအလှအပရှုခင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများကို လာရောက်ကြည့်ရှုလေ့လာ လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးမှုနှင့် Wide View Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ထိုင်းနိုင်ငံသား ၂၈ ဦးတို့သည် ကိုယ်ပိုင်မော်တော်ယာဉ် ခုနစ်စီးဖြင့် ဇူလိုင် ၇ ရက်က တာချီလိတ်နယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး တာချီလိတ်-ကျိုင်းတုံ-တာချီလိတ်မြို့များသို့ သွားရောက်၍ အဆိုပါဒေသများရှိ ထင်ရှားသောနေရာများကို လည်ပတ်ခဲ့ကြပြီး ဇူလိုင် ၉ ရက်တွင် တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ယခုအချိန်သည် မိုးရာသီကာလဖြစ်သော်လည်း နိုင်ငံခြားသားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံသို့ နယ်စပ်ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့်လည်းကောင်း၊ ၎င်းတို့၏ အစီအစဉ်ဖြင့်လည်းကောင်း ဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ ထင်ရှားသောဒေသများသို့ သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**



# ချင်းတွင်းမြစ်အတွင်း ရေယာဉ်များမတော်တဆမှုများ မဖြစ်ပွားစေရေး နေ့စဉ်စစ်ဆေး



**မုံရွာ ဇူလိုင် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်အတွင်း မုံရွာမြို့မှ အထက်ပိုင်းဒေသများသို့ ခရီးသည် ပို့ဆောင်ပေးလျက်ရှိသော ရေယာဉ်များ မထွက်ခွာမီ စည်းကမ်းနှင့်အညီတင်ဆောင်ပြေးဆွဲရေးအတွက် စစ်ဆေးကြပ်မတ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ခရီးသည်တင်ရေယာဉ်များအနေဖြင့် ခရီးသည်များကို သတ်မှတ်ဦးရေအတိုင်းတင်ဆောင်ခြင်း ရှိ-မရှိ၊ ခေါင်မိုးများပေါ်တွင် တက်ပြီးစီးနင်းခြင်း မပြုရေး၊ အသက်ကယ်အင်္ကျီများ၊ ဗောကွင်းများ အပြည့်အစုံပါရှိရေး၊ ညအချိန်များတွင် ရေယာဉ်များ မောင်းနှင်ခြင်းမပြုရေးကို အထူးကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုအစိုးရရော၊ တိုင်းဒေသကြီးအစိုးရရော၊ တိုင်းဒေသကြီးလွှတ်တော်ကရော လိုလားချက်ကတော့ လူတွေ အစုလိုက်အပြုံလိုက်သေဆုံးတာတွေမဖြစ်ဖို့ အဓိကထားညွှန်ကြားထားတဲ့အတွက် စစ်ဆေးရေး အဖွဲ့တွေကလည်း အဲဒီအချက်ကို ဦးစားပေးဆောင်ရွက်ပါတယ်၊ ရေယာဉ်စစ်ဆေးရေးအဖွဲ့နဲ့ ပုဂ္ဂလိကရေယာဉ်တွေ စနစ်တကျပြေးဆွဲရေးကော်မတီတို့ကတော့ နံနက် ၅ နာရီကနေစပြီးတော့ နေ့တိုင်းစစ်ဆေးပါတယ်၊ မုံရွာမြို့ကနေထွက်တဲ့ ရေယာဉ်တွေကိုတော့ နေ့စဉ်စစ်ဆေးရေးအဖွဲ့တွေနဲ့ ကြပ်မတ်စစ်ဆေးနေပါတယ်၊ ချင်းတွင်းမြစ်တစ်လျှောက် မိုင် ၄၀၀ ကျော်မှာ လိုက်ပါစီးနင်းနေတဲ့ ခရီးသည်တွေကလည်း စည်းကမ်းလိုက်နာမှုရှိမှာပါ၊ အဲဒီအတွက်လည်း အသိပညာပေးလုပ်ငန်းတွေ လုပ်နေပါတယ်၊ အဲဒီလိုကြပ်မတ်တဲ့အချိန်မှာ စည်းကမ်းကိုက်ညီမှုမရှိတဲ့ ရေယာဉ်တွေကိုတော့ အရေးယူမှုအပိုင်းဖြစ်တာကြောင့် ရဲတပ်ဖွဲ့က တရားရုံးကို တရားစွဲဆိုတင်ပို့ပါတယ်" ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

မုံရွာမြို့အခြေပြု ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်အသင်း ၁၁ သင်း၊ ဖောင်းပြင်မြို့အခြေပြု လူစီးအမြန်ရေယာဉ် နှစ်သင်း၊ ဟုမ္မလင်းမြို့အခြေပြုလူစီးအမြန်ရေယာဉ် ၁၆ သင်း၊ ခန္တီးမြို့အခြေပြု လူစီးအမြန်ရေယာဉ် ခုနစ်သင်း စုစုပေါင်း ၃၆ သင်းတွင် အစီးရေ ၁၉၆ စီးရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြိတ်တက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ အေရိုးဗစ်အားကစားပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ

**မြိတ် ဇူလိုင် ၁၂**
တက္ကသိုလ်ကျောင်းသူများ အခြေခံအေရိုးဗစ်အားကစားနှင့် အဆင့်မြင့်အေရိုးဗစ်အားကစားနည်းစနစ်များ ကျွမ်းကျင်တတ်မြောက်ပြီး ကိုယ်ကာယကျန်းမာလှပရေး ဂရုပြုတတ်စေရန်အတွက် ဘာသာရပ်ပေါင်းစုံ အေရိုးဗစ်အားကစားပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက မြိတ်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါအေရိုးဗစ်သင်တန်းကို ဇွန် ၁၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ တက္ကသိုလ်ကျောင်းသူ ၆၇ ဦး တက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းဆင်းတက္ကသိုလ်ကျောင်းသူများက အခြေခံနှင့် ပါဝါအေရိုးဗစ်အားကစားကို အုပ်စုအလိုက်နှင့် တစ်ဦးချင်းစီအလိုက် ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက တက္ကသိုလ်အေရိုးဗစ်အားကစားမယ်များအနေဖြင့် သင်တန်းမှသင်ယူတတ်မြောက်မှုကို အစဉ်လေ့လာလေ့ကျင့်ကစားကြရန်နှင့် ဉာဏစွမ်းရည်မြင့်မားပြီး ကာယစွမ်းရည်ကျန်းမာလှပရေး အစဉ်အလေးထားရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းအားကစားမယ်များနှင့် အုပ်စုအလိုက်နှင့် တစ်ဦးချင်းအလိုက် အခြေခံအေရိုးဗစ်၊ ပါဝါအေရိုးဗစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ပါမောက္ခ/ဌာနမှူးများက သင်တန်းဆင်းလက်မှတ်နှင့် ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(မြိတ်ခရိုင်ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ်ကဗျာရွတ်ဆိုပြိုင်

**ကြာအင်းဆိပ်ကြီး**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန ခန်းမတွင် ကျင်းပသည်။

ထို့နောက် အမှတ် (၁)၊ အမှတ် (၇) အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ပထမတန်းမှ ကျောင်းသား ကျောင်းသူများက မိမိတို့စိတ်ကြိုက် ကဗျာများရွတ်ဆိုယှဉ်ပြိုင်ခြင်း၊ ကာတွန်းရုပ်ပုံများအား ဆေးရောင်ခြယ်ခြင်းများဖြင့် ပျော်ပျော်ရွှင်ရွှင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

### မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**လှိုင်ကော်**
လှိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောသည်။

မူးယစ်တပ်ဖွဲ့စု (၂၀) လှိုင်ကော်မှ ဒုရဲမှူးမြင့်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ကုသရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ အချက်အလက်များအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ရာ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ အင်အား ၁၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်**

### ဖိုက်ဘာစက်လှေနှင့်အသက်ကယ်အင်္ကျီများပေးအပ်

**ရေတာရှည်**
ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးတွင် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဖိုက်ဘာစက်လှေနှင့် အသက်ကယ်အင်္ကျီများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရေတာရှည်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံ ဖိုက်ဘာစက်လှေတစ်စင်းနှင့် အသက်ကယ်အင်္ကျီ ၁၀ ထည်အား ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

### ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေး

**ဒီမော့ဆို**
ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းများသို့ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီခွဲက ငွေတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သမိုင်းဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။**

**ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**နမူနာမေးခွန်း**

**၂၀၁၉ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

သမိုင်း ခွင့်ပြုချိန် (၃) နာရီ

သတိပြုရန်။ ။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ပြီး -------- အုပ်ချုပ်ရေးပေးသော အခါ တို့ဗမာအစည်းအရုံးက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

(၂) ရန်ကုန်မြို့ကိုသိမ်းပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ဆဲကာလ ၁၉၄၅ မေ ၁၇ တွင် အင်္ဂလိပ်အစိုးရသည် -------- ကိုထုတ်ပြန်ခဲ့သည်။

(၃) ၁၈၉၇ တွင် မြန်မာနိုင်ငံကို မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သည့် ပြည်နယ်အဖြစ်မှ --------- အုပ်ချုပ်သည့် ပြည်နယ်အဖြစ်သို့ ပြောင်းလဲတိုးမြှင့်သည်။

(၄) ရဲဘော်ဖြူတို့ကတောခိုနေသူကွန်မြူနစ်များကိုဖိတ်ခေါ်စေ့စပ်ရန်ပြောဆိုပြီး --------၏ လက်ဝဲညီညွတ်ရေးမူကို ငြင်းဆန်ကြသည်။

(၅) မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီက ဦးဆောင်၍ စာတတ်မြောက်ရေး လုပ်ငန်းကို -------- အသွင်ဖြင့် ဆောင်ရွက်သည်။

(၆) ပထမကမ္ဘာစစ်ကြီးကာလတွင် ပြင်သစ်၊ ရုရှားနှင့် အင်္ဂလန်နိုင်ငံတို့သည် -------- အဖွဲ့ ကိုဖွဲ့စည်းကြသည်။

(၇) ၁၈၇၆ တွင် အိန္ဒိယအမျိုးသားအသင်းကို ခေတ်ပညာတတ်တစ်ဦးဖြစ်သူ -------- က ဦးဆောင်ဖွဲ့စည်းခဲ့သည်။

(၈) အီတလီ၊ ဂျာမနီနှင့် ဂျပန်တို့တွင် ဖက်ဆစ်အာဏာရှင်စနစ်များ ထွန်းကားလာ၍ ရုရှားနိုင်ငံ၌--------စနစ်ထွန်းကားလာခဲ့သည်။

(၉) ကုလသမဂ္ဂတွင် ပင်မအဖွဲ့ကြီး ခြောက်ဖွဲ့ရှိရာ ငါးခုသည် --------မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် အခြေစိုက်ထားသည်။

(၁၀) ဆိုဗီယက်အနေနှင့် -------- အဖွဲ့တွင်ပါဝင်လိုကြောင်း ၁၉၅၄ တွင် တင်ပြခဲ့သည်။

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ (၁၀ မှတ်)

(၁) အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်ရာတွင် အကြီးမား အပြင်းထန်ဆုံးအရေးတော်ပုံဖြစ်သည့် ၁၃၀၀ ပြည့်အရေးတော်ပုံတွင်လည်း -------- ပါဝင်ခဲ့သည်။

(က) တို့ဗမာအစည်းအရုံး (ခ) ဝိုင်အမ်ဘီအေ (ဂ) ဗမာ့ထွက်ရပ်ဂိုဏ်း

(၂) ဘုရင်ခံသစ်သည် ဂဠုန်ဦးစောနှင့် -------- တို့ကို အမှုဆောင်ကောင်စီတွင် ထည့်သွင်းခန့်ထားလိုက်သည်။

(က) သခင်ဗစိန် (ခ) သခင်မြ (ဂ) ဦးတင်ထွတ်

(၃) ၁၉၂၃ သို့ရောက်သောအခါ မြန်မာနိုင်ငံ၏ထုတ်ကုန်တင်ပို့မှုတွင် -------- သည် အဓိက ဖြစ်လာသည်။

(က) ဆန်စပါး (ခ) ရေနံ (ဂ) သစ်

(၄) မြန်မာအစိုးရက -------- ဇန်နဝါရီတွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ကိုမင်တန် ကျူးကျော်မှုပြဿနာကို တင်ပြခဲ့သည်။

(က) ၁၉၅၂ (ခ) ၁၉၅၈ (ဂ)၁၉၆၂

(၅) ပြည်ထောင်စုအစိုးရသည် -------- အစိုးရကို နမူနာယူ၍ ဝန်ကြီးတစ်ဦးက ဝန်ကြီးဌာန တစ်ခုထက်ပို၍ တာဝန်ယူစေသဖြင့် ဝန်ကြီး ၁၃ ဦးသာရှိသည်။

(က) အိမ်စောင့် (ခ) တော်လှန်ရေးကောင်စီ (ဂ) ဖဆပလ

(၆) ၁၉၁၇ ဇူလိုင်တွင် -------- သည် ဂျာမနီနှင့် ဩစတြီးယားတပ်တို့ကို ထိုးစစ်သစ်တစ်ရပ် ဆင်နွှဲခဲ့ရာ ပွဲဦးထွက် အောင်ပွဲရသော်လည်း နောက်ပိုင်း၌ရှုံးနိမ့်သည်။

(က) စတာလင် (ခ) ကရင်စကီ (ဂ)လီနင်

(၇) ဖက်ဆစ်အင်အားစု၏ခေါင်းဆောင် -------- ကို ၁၈၈၄ တွင် ဆဒို ၌ မွေးဖွားခဲ့သည်။

(က) မိတအစ်ကို (ခ) မူဆိုလီနီ (ဂ) ဟစ်တလာ

(၈) မြူးနစ်စာချုပ်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ခဲ့သည်ဟု --------ဝန်ကြီးချုပ် ချိန်ဘာလိန်က ကြေညာခဲ့သည်။

(က) အင်္ဂလိပ် (ခ) ပြင်သစ် (ဂ) ဂျာမနီ

(၉) ၁၉၄၄ တွင် ဆိုဗီယက်တပ်နီသည် -------- ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။

(က) ဩစတြီးယား (ခ) ချက်ကိုစလိုဗားကီးယား (ဂ) ဘူလ်ဂေးရီးယား

(၁၀) ဖိလစ်ပိုင်နိုင်ငံတွင်၁၉၈၆၌ -------- သည် သမ္မတရာထူးရရှိခြင်းအားဖြင့် ပြည်သူ့အာဏာ အောင်ပွဲခံနိုင်ခဲ့သည်။

(က) မက်ဆေးဆေး (ခ) ဖာဒီနန်မားကို့စ် (ဂ) ကိုရာဇွန်အာကီနို

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကိုမှတ်စုတိုရေးပါ။ ( ၂၀ မှတ် )

(က) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နှ-အက်တလီစာချုပ်၏အရေးပါပုံ (၅) မှတ်

(ခ) ဂျပန်ခေတ်ရေနံနှင့်သတ္တုတူးဖော်ရေးလုပ်ငန်း (၅) မှတ်

(ဂ) ဖဆပလခေတ် ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်း (၅) မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်ဈေးကွက်စီးပွားရေးစနစ် (၅) မှတ်

(င) နိုင်ငံပေါင်းချုပ်အသင်းကြီးပေါ်ပေါက်လာပုံ (၅) မှတ်

(စ) အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာစေသောအခြေခံ အကြောင်းရင်းများ (၅) မှတ်

(ဆ) မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (၅) မှတ်

(ဇ) အာဆီယံအဖွဲ့၏ရည်ရွယ်ချက်များ (၅) မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ ( ၃၀ မှတ်)

(၁) ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏လူမှုစီးပွားရေး ဆောင်ရွက်ချက်များကို ရေးသားပါ။ (၁၅) မှတ်

(၂) မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၏ အခန်းကဏ္ဍကို ဖြေဆိုပါ။ (၁၅) မှတ်

(၃) စစ်ပြီးခေတ်မြန်မာနိုင်ငံတွင်စက္ကူဖြူစာတမ်းအရ ပေါ်ပေါက်လာသော မြို့ပြအုပ်ချုပ်ရေး စနစ်ကိုဖော်ပြပါ။ (၁၅) မှတ်

(၄) ဖဆပလခေတ် နိုင်ငံခြားဆက်ဆံရေးတွင် အစိုးရသည် ကြားနေရေးဝါဒကို လက်ကိုင်ထားသည်ဆိုသည့် အဆိုကို ဆွေးနွေးပါ။ (၁၅) မှတ်

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ ( ၃၀ မှတ် )

(၁) ၂၀ ရာစုဦး ရုရှားနိုင်ငံ၏ စီးပွားရေး၊လူမှုရေး၊ နိုင်ငံရေး အဘက်ဘက်မှ ကျဆင်းလျက်ရှိပုံကို တင်ပြပါ။ (၁၅) မှတ်

(၂) မလေးရှားနိုင်ငံ၏ အမျိုးသားလှုပ်ရှားမှုသည် အခြားအရှေ့တောင်အာရှ နိုင်ငံများ၏ လှုပ်ရှားမှု အသွင်သဏ္ဍာန်နှင့် မည်ကဲ့သို့ ကွဲပြားခြားနားမှု ရှိသနည်း။ (၁၅) မှတ်

(၃) လက်နက်အပြိုင်အဆိုင်တပ်ဆင်ခြင်းသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားစေသော အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပါ။ (၁၅) မှတ်

(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်းများအနက် ဂျာမန်ပြဿနာနှင့် ဘာလင်ပိတ်ဆို့မှုကို တင်ပြပါ။ (၁၅) မှတ်

# ကိုယ်ပိုင်ဝင်ငွေနဲ့ အသက်အငယ်ဆုံး အမျိုးသမီးဘီလျံနာဖြစ်လာတဲ့ ခိုင်လီဂျန်နာ




ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Kardashian clan"ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ကာဒါးရှီးရန်းမျိုးဆက်ရဲ့ အသက်အငယ်ဆုံးလည်းဖြစ်တဲ့ ခိုင်လီဂျန်နာဟာ အမေရိကန်ရဲ့ ကိုယ်ပိုင်ဝင်ငွေနဲ့ ဘီလျံနာဖြစ်လာတဲ့ အသက်အငယ်ဆုံးသောအမျိုးသမီးဖြစ်လာခဲ့ကြောင်း ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ဖော်ဘီ မဂ္ဂဇင်းက ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေကို ကိုးကားကာ အေးရှားဝမ်း ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ငယ်ရွယ်ပြီး ကလေးမိခင်တစ်ဦးဖြစ်တဲ့ အသက် ၂၀ အရွယ် ခိုင်လီဂျန်နာဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း သမီးလေးစတောင်မီကို မွေးဖွားခဲ့ပါတယ်။ သူဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က အလှကုန်ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပြီး ယင်းကုမ္ပဏီက လက်ရှိမှာတော့ အမေရိကန်ဒေါ်လာသန်း ၆၃၀ ဖိုး ရောင်းချခဲ့ရပြီးဖြစ်တယ်လို့ ဖော်ဘီမဂ္ဂဇင်းပါအချက်အလက်များအရ သိရပါတယ်။

ယင်းမဂ္ဂဇင်းရဲ့ ဖော်ပြချက်အရ ခိုင်လီဂျန်နာရဲ့ ကုမ္ပဏီဟာ လက်ရှိမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ခန့်တန်နေပြီဖြစ်ကာ သူ့ရဲ့ရုပ်သံအစီအစဉ်နဲ့ အခြားသော ဝင်ငွေတွေကိုစုစည်းလိုက်ပါက သူဟာလက်ရှိမှာ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ခန့် ပိုင်ဆိုင်နေပြီဖြစ်ပါတယ်။ ခိုင်လီဂျန်နာဟာ ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၂၉ ဒေါ်လာနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ နှုတ်ခမ်းပုံဖော်ပေးရာကနေ လိုက်ဖက်တဲ့ နှုတ်ခမ်းနီနဲ့ နှုတ်ခမ်းလိုင်နာတွေကိုပါ စမ်းသပ်ရောင်းချရင်း နောက်ပိုင်းမှာတော့ မိတ်ကပ်တွေပါ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။

စီးပွားရေးမှာလည်း အောင်မြင်မှုတွေ ရလာတဲ့ ခိုင်လီဂျန်နာဟာ အမေရိကန်မှာ ကိုယ်ပိုင်ဝင်ငွေအရ ချမ်းသာလာသူတွေအနက် ယခုနှစ်ရဲ့ အသက်အငယ်ဆုံးသော အမျိုးသမီး ဘီလျံနာတစ်ဦးဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့နောက်နှစ်ဝင်ငွေကို ခန့်မှန်းပြီး သူဟာ လာမယ့်နှစ်မှာတော့ အသက်အငယ်ဆုံးသော ဘီလျံနာအဖြစ် မှတ်တမ်းဝင်နိုင်မှာ ဖြစ်တယ်လို့လည်း အဆိုပါမဂ္ဂဇင်းက ခန့်မှန်းထားပါတယ်။ လက်ရှိမှာတော့ အသက်အငယ်ဆုံးသော ဘီလျံနာအဖြစ် ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မက်ခ်ဇူကာဘက်ချ်က အသက် ၂၃ နှစ်အရွယ်မှာ စံချိန်တင်ထားတာဖြစ်ပါတယ်။

# ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံးဖြစ်လာတဲ့ DDU-DU DDU-DU

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ "BLACK PINK" ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးဗီဒီယိုတစ်ခုဟာ လတ်တလောမှာတော့ တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psyရဲ့ စံချိန်ကို ချိုးဖြတ်လိုက်ပြီဖြစ်ပါတယ်။ "BLACK PINK"ရဲ့ "DDU-DU DDU-DU"တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံး တေးဗီဒီယိုအဖြစ် စံချိန်သစ်တင်ခဲ့တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဇွန် ၁၅ ရက်နေ့မှာ စတင်ထုတ်လွှင့်ခဲ့ရာမှာတော့ "DDU-DU DDU-DU"ဟာ ကြည့်ရှုသူပရိသတ် ၃၆ ဒသမ ၂ သန်းရှိခဲ့တာပါ။ ယခင်က "BTS"ရဲ့ "Fake Love"ဟာ ၃၅ ဒသမ ၉ သန်းရရှိခဲ့တာကြောင့် "DDU-DU DDU-DU" က ကျော်လွန်ခဲ့ပါတယ်။ ဒ့ါအပြင် ယခင်က ပရိသတ်အများဆုံး စံချိန်တင်ထားခဲ့တဲ့ Psy ရဲ့ "Gentleman"ကတော့ ၃၆ သန်း ရရှိခဲ့တာ ဖြစ်တာကြောင့် " BLACK PINK "က စံချိန်ဟောင်းကို ချိုးဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။

ယူကျူ့ရဲ့ ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံး ဗီဒီယိုတွေအနက် "DDU-DU DDU-DU " ဟာ နံပါတ် ၇ နေရာမှာ ရပ်တည်နေတာကိုလည်း တွေ့ရပါတယ်။ ဒီစာရင်းမှာတော့ ကမ္ဘာတစ်ဝန်းက ဗီဒီယိုအမျိုးအစားစုံ ပါဝင်နေတာဖြစ်ပြီး တေးဗီဒီယိုတွေထဲမှာတော့ "DDU-DU DDU-DU"က ပရိသတ်အများဆုံး ဒုတိယနေရာမှာ ရှိနေတာပါ။ ပထမနေရာမှာတော့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ ဗီဒီယို "Look What You Make Me Do" က ရပ်တည်နေတာ ဖြစ်ပါတယ်။ တတိယနေရာမှာတော့ Psy ရဲ့ "Gentleman" က နေရာရနေပါတယ်။

# ကောင်လေးတစ်ယောက်နဲ့ ဈေးဝယ်ထွက်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်

ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ ကောင်လေးတစ်ယောက်နဲ့ ဈေးဝယ်ထွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဈေးဝယ်ထွက်ရာမှာတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ သူငယ်ချင်းတစ်ဦးလည်း အတူပါခဲ့တာတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာက တစ်ကျော့ပြန်လက်တွဲခဲ့တဲ့ ချစ်သူ ဟေးလေးဘော်ဝင်နဲ့ ချစ်သူသက်တမ်း တစ်လခန့်မှာ စေ့စပ်လိုက်တာဖြစ်ပါတယ်။ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်းကိုလည်း ဂျက်စတင်ဘီဘာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ဂျက်စတင်ဘီဘာက စေ့စပ်ကြောင်းသတင်းနဲ့အတူ ဟေးလေးဘော်ဝင်ဟာ သူ့ဘဝရဲ့အချစ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားခဲ့ပြီးနောက်မှာတော့ ဆယ်လီနာဂိုမက်ဇ်က ယခုလို ကောင်လေးတစ်ဦးနဲ့ ဈေးဝယ်ထွက်ခဲ့တာပါ။ ပြီးခဲ့တဲ့ အင်္ဂါနေ့က နယူးယော့ခ်မှာ ဈေးဝယ်ထွက်ရင်း ရယ်မောနေတာကိုလည်း တွေ့ရပါတယ်။



## ဝင်ဘယ်တန်ဖလားပြိုင်ပွဲကို အတူကြည့်ခဲ့ကြတဲ့ ဂျက်စတင်တင်းဘားလိတ်နဲ့ ဂျက်ဆီကာဘိုင်ရယ်

ဟောလိဝုဒ်နာမည်ကျော်ကြယ်ပွင့်စုံတွဲ ဂျက်စတင်တင်းဘားလိတ်နဲ့ ဂျက်ဆီကာဘိုင်ရယ်တို့ဟာ အင်္ဂလန်ဝင်ဘယ်တန်တင်းနစ်ပြိုင်ပွဲကို သွားရောက်အားပေးခဲ့ကြပါတယ်။ ယခုပြိုင်ပွဲရဲ့ ရှစ်ပွဲမြောက် ပွဲစဉ်ကို သွားရောက်အားပေးခဲ့တာဖြစ်ပြီး တင်းနစ်အကျော်အမော် ဆရီနာဝီလျံရဲ့ ပွဲကို ကြည့်ရှုခဲ့ကြတာပါ။ ဆရီနာဝီလျံဟာ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကမ်မီလာဂျော်ဂျီနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



## အချစ်ဟောင်းရဲ့ ပွဲကို ကြည့်ရှုအားပေးခဲ့တဲ့ ဒရိတ်ခ်

ကမ္ဘာကျော်တေးသံရှင် ဒရိတ်ခ်ဟာ လတ်တလောမှာတော့ သူနဲ့ ချစ်သူတွေဖြစ်ခဲ့ကြဖူးတဲ့ တင်းနစ်မယ် ဆရီနာဝီလျံရဲ့ပွဲကို သွားရောက်အားပေးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၁၀ ရက်မှာ ဝင်ဘယ်တန်ဖလား အမျိုးသမီးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဆရီနာဝီလျံနဲ့ ကမ်မီလာဂျော်ဂျီတို့ ယှဉ်ပြိုင်ခဲ့ရာ ဒရိတ်ခ်က ယင်းပွဲစဉ်ကို ကြည့်ရှုအားပေးခဲ့တာဖြစ်ပါတယ်။ ဒရိတ်ခ်နဲ့ ဆရီနာဝီလျံဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေအဖြစ်တွဲခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ တရားဝင်လက်တွဲခဲ့ကြပြီး ဆရီနာဝီလျံနဲ့ သူ့ရဲ့ ခင်ပွန်း အဲလက်ဇ်အိုဟာန်နီးယန်းတို့ မတွေ့ဆုံမီအထိ လက်တွဲခဲ့ကြတာပါ။



## အမ်မာစတုန်းနဲ့ ဂျိုးအော်ဝင်န်တို့ရဲ့ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ဟောလိဝုဒ်နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ အမ်မာစတုန်းနဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ချစ်သူ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "The Favourite"ကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားတဲ့ နန်းတွင်းရုပ်ရှင်တစ်ကားလည်း ဖြစ်တယ်လို့ ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီရုပ်ရှင်မှာ အမ်မာစတုန်းဟာ တော်ဝင်ဘုရင်မကြီးရဲ့ အစေခံတစ်ဦးအဖြစ်ပါဝင်ထားတာဖြစ်ပြီး မြင်တွေ့နေကျ နန်းတွင်းရဲ့ အရှုပ်တော်ပုံတွေကိုလည်း ဒီရုပ်ရှင်မှာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ၁၈ ရာစုခန့်က ဗြိတိန်နန်းတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ တေလာဆွစ်ရဲ့ချစ်သူ မင်းသား ဂျိုးအော်ဝင်န်ကတော့ အမ်မာစတုန်းပါဝင်ထားတဲ့ ဇာတ်ကောင်ရဲ့ ခင်ပွန်းသည်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။

" The Favourite"ကိုတော့ နိုင်ငံတစ်ဝန်း လာမယ့် နိုဝင်ဘာ ၂၃ ရက်မှာ စတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၁၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းတက်ရောက်၍ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော် စသည့် အရိပ်ရသစ်ပင်ပန်းပင် စုစုပေါင်း ၁၈၆ ပင်အား ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးရဲထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြသက်က သန့်ရှင်းစိမ်းလန်း၍ ပတ်ဝန်းကျင်နှင့် ညီညွတ်သော ကျောင်း (Green Clean Schools) အကြောင်း ဟောပြောသည်။ ယင်းနောက် နေပြည်တော် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နီဝင်းက ပလတ်စတစ်နှင့် ပတ်သက်သည့် ညစ်ညမ်းမှု တိုက်ဖျက်ရေး အကြောင်း ပညာပေးဟောပြောခဲ့သည်။

**ရွှေရဲရင့် (မြန်/ဆက်)**

# ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းစည်းဝေး

**စစ်တွေ ဇူလိုင် ၁၂**
ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီတွင် ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ငွေကြေးတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရပါကြောင်း၊ ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က စစ်တွေဌာနခွဲမှ နှစ်တစ်ရာအထက်ရှေးဟောင်း အဆောက်အအုံများ စာရင်းကောက်ယူနေမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကိစ္စ၊ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး၊ သမိုင်းသုတေသီ ဆရာဦးအောင်လှသိန်း၊ သမိုင်းသုတေသီ ဆရာဦးမောင်ဗသိန်း၊ ဒေါ်ခင်သန်း (ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ငြိမ်း)၊ စစ်တွေတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာကျော်ဝင်းဦးနှင့် ကော်မတီဝင်များတက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# မင်းတပ်မြို့နယ် သုံးရာတောရေသွယ်မြောင်း၊ ကျောက်စီရေမြောင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**မင်းတပ် ဇူလိုင် ၁၂**
မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများသည် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ချင်းပြည်နယ် မင်းတပ်မြို့နယ် လာလောင်းထွီးကျေးရွာအုပ်စု ထင်ချောင်းကျေးရွာ သုံးရာတောရေသွယ်မြောင်း၏ ပေတိုင် ၆၇၀၀ မှ ၆၈၁၆ ပေအကြားတွင် အလျားပေ ၁၇၀၊ အနံ နှစ်ပေ၊ အမြင့် သုံးပေ ကျောက်စီရေသွယ်မြောင်းနံရံနှင့် အလျား ၁၆ ပေ၊ အမြင့် ၁၂ ပေ ကျောက်စီမြေထိန်းနံရံအဆင့်မြှင့်တင် ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်စေရေးနှင့် စေတနာထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ထင်ချောင်းကျေးရွာနှင့် စံပြကျေးရွာရှိ တောင်သူ ၃၀၀ ခန့် နှစ်စဉ်စိုက်ပျိုးလျက်ရှိသော လယ်ဧက ၂၇၀ တွင် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို ဖြန့်ဝေပေးမည်ဖြစ်သည်။ **ခရိုင်(မြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း HIV ကာကွယ်တားဆီးရေး ပိုမိုအရှိန်မြှင့်ဆောင်ရွက်

**မြစ်ကြီးနား ဇူလိုင် ၁၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဌာနနှင့် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကချင်ပြည်နယ်အတွင်း HIV ကာကွယ်တားဆီးရေး ပိုမိုအရှိန်မြှင့် ဆောင်ရွက်ရန် အဓိကဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများချမှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ City Park Royal ခန်းမတွင် ကျင်းပသည်။

ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ထွန်းက ယခင် HIV ကာကွယ်တားဆီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ ချမှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ရလဒ်များနှင့် ယခုတတိယအကြိမ်မြောက် ဆွေးနွေးပွဲတွင် လိုအပ်ချက်များအား တက်ရောက်လာသူများက အစုအဖွဲ့လေးဖွဲ့ဖြင့် ဖွဲ့စည်းဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးတည်ချက် ရည်မှန်းချက်များအပေါ် ထိရောက်သော စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပူးပေါင်းပါဝင် ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ရှင်းလင်းပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းဟုန်က ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းသည်။

အဆိုပါအခမ်းအနားကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်ထိ သုံးရက်ကြာ ပေါင်းစပ်ဆွေးနွေးသွားမည်ဖြစ်ကာ အခမ်းအနားသို့ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ကျန်းမာရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ အင်အား ၁၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# ဝန်ထမ်းသားသမီးများအတွက် ရွှေလက်ရာစာပေမှ စာအုပ်များ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၂**
ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ကြားရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတိုက်များသို့ ရွှေလက်ရာစာပေမှ သင်ရိုးကုန်အဖြေစုံစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၂)လမ်းရှိ ကြေးမုံသတင်းစာတိုက်တွင် ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရွှေလက်ရာစာပေထုတ်ဝေသူ ဦးဝင်းနိုင်ကိုယ်စား ဆရာကျော် (ရန်ကုန်တက္ကသိုလ်)က စာအုပ်များပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကြေးမုံသတင်းစာတိုက်မန်နေဂျာ ဦးလှရွှေက လှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့လှူဒါန်းသည့် စာအုပ်များမှာ တက္ကသိုလ်ဝင်တန်း၊ နဝမတန်း၊ အဋ္ဌမတန်းနှင့် သတ္တမတန်း သင်ရိုးကုန်အဖြေစုံစာအုပ်များအပြင် ဗလာစာအုပ်များလည်း ပါဝင်ကြောင်းသိရပြီး စုစုပေါင်း ငွေကျပ် ၁၆ သိန်းကျော်တန်ဖိုး ရှိကြောင်း သိရသည်။

**သတင်း-ဟိန်းထက်လင်း(ကြေးမုံ)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# စလင်းမြို့နယ်တွင် ကမ်းပြိုမှုကြောင့် လူနေအိမ်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**စလင်း ဇူလိုင် ၁၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သနပ်ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၏မြောက်ဘက်တွင် ဇူလိုင် ၁၁ ရက်က ဧရာဝတီမြစ်ရေမြင့်တက်ပြီး မြစ်အတွင်းမှ ရေဝဲထိုး၍ ကမ်းပြိုကျမှုများဖြစ်ပေါ်ခဲ့သဖြင့် စလင်းမြို့နယ် မီးသတ်ဦးစီးဌာန ဒု-မီးသတ်ဦးစီးမှူး ဦးဌေးမော် ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေဝဲထိုး၍ ကမ်းပြိုကျမှုကြောင့် သနပ်ကုန်းကျေးရွာမြစ်ကမ်းဘေးရှိ ကြီးအောင်ချမ်းသာစေတီတော်၏ ဘုရားစောင်းတန်း၊ သိမ်တစ်လုံး၊ ဘုရားဆင်းတုတော်များနှင့် လူနေအိမ် ခုနစ်လုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းနှင့် ကမ်းပါးဆက်လက်မပြိုကျစေရေး ကမ်းကပ်နံရံပြုလုပ်ခြင်းများ၊ ရေလမ်းကြောင်းလွှဲခြင်း၊ သဲအိတ်ချခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါရေဝဲထိုး၍ ကမ်းပြိုကျမှုကြောင့် ဇူလိုင် ၁၀ ရက်က ရွာသစ်ကျေးရွာနေ ဦးမောင်ဝင်း၏ (၄×၃)ပင်၊ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းနေအိမ် တစ်လုံး ရေဝဲအတွင်းသို့ မျောပါပျက်စီးဆုံးရှုံးခဲ့သည်။ ၎င်းဖြစ်စဉ်များကြောင့် သက်ဆိုင်ရာမှ စဉ်ဆက်မပြတ် စောင့်ကြည့်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုးသူ(မြန်/ဆက်)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးဆောင်ရွက်

**ကဝ ဇူလိုင် ၁၂**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း မိုးရာသီ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပျောက် ဆုံးမှုလျော့နည်းကျဆင်းရေး၊ ထရန်စဖော်မာများ ချွတ်ယွင်းပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် မီးသုံးစွဲသူ ပြည်သူများ ဓာတ်အားပြည့်ဝစွာ ရရှိစေရေးတို့အတွက် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာဝင်းခြံများအတွင်း သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များရှင်းလင်းခြင်းကို ဇူလိုင် ၁၁ ရက်က ကဝမြို့နယ် လျှပ်စစ်အင်ဂျင်နီယာက အနီးကပ်ကြီးကြပ်၍ လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း (မြန်/ဆက်)**

# လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသခြင်း

ပြည့်အောင် (COA)

### လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ် ကုသမှုဆိုသည်မှာ

မျက်မှောက်ခေတ် မျက်စိကုသမှုနယ်ပယ်တွင် မျက်စိအထူးကုဆရာဝန်ကြီးများသည် လေဆာရောင်ခြည် အမျိုးမျိုးကိုအသုံးပြု၍ မျက်စိကုသမှုအမျိုးမျိုးကို ဆောင်ရွက်လျက်ရှိပါသည်။ အမြင်အာရုံ တိုးတက်ကောင်းမွန်စေရန် ကုသသော လေဆာရောင်ခြည်သုံး ကုသမှုနည်းပညာများအနက် ဤဆောင်းပါးတွင် ဆွေးနွေးရေးသားလိုသည်မှာ အမြင်အလျားတို (Short –sightedness) သောကြောင့် သို့မဟုတ် အမြင်အလျားရှည် (Long –Sightedness) သောကြောင့် အဝေးမှုန်သူများနှင့် ဆလင်ဒါပါဝါ (Astigmatism) ရှိသူများအား ကုသမှုပေးသည့် လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုနည်းပညာနှင့် ဆက်စပ်သော အကြောင်းအရာများဖြစ်ပါသည်။

လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုနည်းပညာကို အရပ်သားဝေါဟာရအားဖြင့် လေဆာရောင်ခြည်ဖြင့် မျက်မှန်ပါဝါလျှော့ခြင်း (သို့) ဖျောက်ခြင်းဟုသိကြ သုံးနှုန်းကြပါသည်။ မျက်စိပညာရပ် အခေါ်အားဖြင့်မူ LASIK, ASLA,PRK,SMILE စသည်ဖြင့် ကုသရမည့်အခြေအနေနှင့် သုံးစွဲရမည့်နည်းစနစ်ပေါ်မူတည်၍ သုံးနှုန်းပါသည်။ သက်ဆိုင်ရာဘာသာရပ်တွင် အထူးကျွမ်းကျင်သော မျက်စိဆရာဝန်ကြီးများမှ သင့်တော်သည်ဟု ယူဆသော နည်းပညာကို ကျင့်သုံး၍ မျက်မှန်ပါဝါလျှော့စေရန်အတွက် မျက်ကြည်လွှာကို လေဆာရောင်ခြည်ဖြင့် ပြုပြင်ကုသသော စနစ်ဖြစ်ပါသည်။ ဤနည်းပညာကို မျက်မှန်တပ်သူများအကြား လူသိများလာသကဲ့သို့ လူတိုင်းကုသ၍ ရနိုင်မရနိုင်ကိုလည်း သိချင်လာကြပါသည်။

### အကျဉ်းမှတ်သား နည်းပညာများ

လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုပြုရာတွင် အသုံးပြုသော နည်းပညာများကို အကျဉ်းအားဖြင့် မိတ်ဆက်ပေးလိုပါသည်။

(၁) LASIK (Laser-Assisted in Situ Keratomileusis)။ ဤနည်းပညာသည် အသုံးများသောနည်းဖြစ်ပြီး မျက်စိကျန်းမာရေးနှင့် အထွေထွေကျန်းမာရေး ပြည့်စုံသူများအတွက် အထူးသင့်လျော်သော နည်းဖြစ်၏။

(၂) ASLA (Advanced Surface Laser Ablation)။ LASIK နည်းပညာကိုသုံးရန် အရည်အချင်း မပြည့်မီသောသူများအတွက် ကုသမှုပြုရာတွင် သုံးပါသည်။ အထူးသဖြင့် မျက်ကြည်လွှာ အခုံးအခွက် ပုံမှန်မရှိသူများနှင့် မျက်ကြည်လွှာ ပါးနေသူများ၊ ပျမ်းမျှမျက်မှန်ပါဝါထက် ပိုမိုလွန်ကဲသော မျက်မှန်ပါဝါရှိသူများအား ကုသရန် ဤနည်းပညာကိုသုံးပါသည်။

(၃) PRK (photorefractive keratectomy)။ လေဆာနည်းပညာသုံး အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုပြုသောနည်းများတွင် ပထမဆုံးသောနည်းပညာဖြစ်၍ LASIK နည်းပညာ၏ ရှေ့ပြေးဖြစ်ပါသည်။

(၄) SMILE (Small incision lenticule extraction)။ အမြင်အာရုံပြုပြင်ပေးသည့် နောက်ဆုံးပေါ် နည်းပညာများကို ကိုယ်စားပြုသည့်နည်းဟုပင် ဆိုနိုင်ပါသည်။ ကုသမှုလိုအပ်ချက်အရ ပုံမှန် မျက်ကြည်လွှာများကို ကုသရာတွင် LASIK နည်းနှင့် တစ်လှည့်စီ အသုံးပြုရသောနည်းဖြစ်ပါသည်။ အထူးသဖြင့် အမြင်အလျားတို အဝေးမှုန် (Myopia) ပါဝါများသူများနှင့် ဆလင်ဒါပါဝါများကို လျှော့ချပေးရာတွင် ဤနည်းကိုသုံးပါသည်။

### ကုသမှုခံယူနိုင်သူများ

အထွေထွေကျန်းမာရေးကောင်း (မည်သည့်ရောဂါမျှမရှိ) သူ၊ အနည်းဆုံး တစ်နှစ်တစ်ခါ မျက်မှန်ပါဝါ ပုံမှန်စစ်ဆေးနေသူ၊ မျက်မှန်လိုအပ်ချက်ရှိ (မျက်မှန်တပ်နေရ) သည်ကလွဲ၍ မျက်စိကျန်းမာရေးကောင်း (အထူးသဖြင့် မျက်ကြည်လွှာကောင်း) သူများသည် ယေဘုယျအားဖြင့် လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုပြုနိုင်ပါသည်။ များသောအားဖြင့် ပုံမှန်အခြေအနေရှိသူများအား LASIK နည်းပညာဖြင့် ကုသမှုပေးပါသည်။ သို့သော်လည်း အမြင်အလျားတို၍ အဝေးမှုန်ပါဝါများသူ၊ မျက်ကြည်လွှာ ပုံမှန်အခြေအနေမရှိဘဲ ပါးသူများအား ASLA နှင့် SMILE နည်းပညာများကို ကျင့်သုံး၍ သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူ မျက်စိအထူးကုဆရာဝန်ကြီးများမှ ကုသမှုပေးပါသည်။

### ကုသမှု မပြုနိုင်သူများ

**(၁) အသက်(၄၀)ကျော် အနီးမှုန်သူများ** (Presbyopia)

ထိုသူများသည် အသက်အရွယ်အရ သဘာဝအတိုင်း အနီးမှုန်လာခြင်းဖြစ်ပါသည်။ အသက်ပို၍ပို၍ ကြီးလာသည်နှင့်အမျှ အနီးကြည့်တွင်လည်း ပိုမှုန်လာမည်ဖြစ်၏။ ရွေးချယ်ရန် နည်းလမ်းများမှာ မျက်စိအထူးကုဆရာဝန်၊ မျက်စိပညာရှင်တို့နှင့် တိုင်ပင်၍ အနီးကြည့်မျက်မှန်တပ်ခြင်းနှင့် အနီးမှုန်သူများအတွက် လေဆာဖြင့် ခွဲစိတ်ကုသနည်း (Laser Lens Surgery) ဖြင့် ကုသခြင်းတို့ဖြစ်ပါသည်။

**(၂) မျက်မှန်ပါဝါ အလွန်အမင်းများနေသူများ**

အမြင်အလျားတို(Myopia)နှင့် အမြင်အလျားရှည် အဝေးမှုန်(Hyperopia)သူများတွင် ပျမ်းမျှ ပါဝါထက် ပို၍များနေသူများအား LASIK သို့မဟုတ် ASLA နည်းပညာများဖြင့်ကုသ၍ မရပေ။(ဥပမာ Myopia များအတွက် ပျမ်းမျှအဆင့် သတ်မှတ်ချက်မှာ - 8.00 နှင့် - 20.00 diopters အကြားဖြစ်ပါသည်)။ ရွေးချယ်ရန် နည်းလမ်းမှာ ကျွမ်းကျင်သော မျက်စိအထူးကုဆရာဝန်ကြီးများနှင့် တိုင်ပင်၍ SMILE နည်းပညာကို အသုံးပြုကာ ကုသ၍ မရပါက မျက်စိအတွင်းရှိ သဘာဝမှန်ဘီလူး၏ ရှေ့တွင် မှန်ဘီလူးတု (Phakic IOL or implantable contact lens) တစ်မျိုး တပ်ဆင်ခြင်းပင်ဖြစ်ပါသည်။

**(၃) မျက်စိကျန်းမာရေးနှင့် အထွေထွေကျန်းမာရေး ချို့တဲ့သူများ**

မျက်စိရောဂါတစ်မျိုးမျိုးရှိသူများ၊ အထွေထွေကျန်းမာရေးချို့တဲ့သူ ရောဂါတစ်မျိုးမျိုးရှိသူများ၊ ခန္ဓာကိုယ်၏ သဘာဝခုခံအားစနစ် ချို့ယွင်းနေသူများနှင့် မျိုးရိုးလိုက်သူများ၊ မျက်ကြည်လွှာ ကျန်းမာရေးမကောင်းသူများ၊ ဆီးချိုသွေးချို ရောဂါရှိသူများအား လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသ၍ သာမန်အားဖြင့် မရပါ။ ရွေးချယ်ရန် နည်းလမ်းမှာ မျက်စိအထူးကုဆရာဝန်နှင့် စဉ်ဆက်မပြတ် တိုင်ပင်၍ ကုသ၍ရနိုင်မည့်အချိန်ကို စဉ်းစားဆုံးဖြတ်ရန်ဖြစ်၏။

**(၄) အသက် ၂၀ အောက်လူငယ်များ**

အသက် ၂၀ အောက်လူငယ်များသည် မျက်မှန်ပါဝါတည်ငြိမ်မှုမရှိသေးဘဲ ပြောင်းလဲနိုင်သေးသည့် သဘာဝရှိပါသည်။ လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်အထူးကု မျက်စိဆရာဝန်ကြီးများသည် လွန်ခဲ့သော တစ်နှစ်အတွင်း မျက်မှန်ပါဝါ မပြောင်းလဲသောသူများကိုသာ ဦးစားပေးကုသမှုပြုပါသည်။ မျက်မှန်ပါဝါ တည်ငြိမ်သူများသာ ကုသမှုရလဒ် ကောင်းသောကြောင့် ဖြစ်ပါသည်။ ရွေးချယ်ရန် နည်းလမ်းမှာ ကုသမှုရလဒ်ကောင်းသည့် အသက် ၂၀ ကျော်အရွယ်ရောက်မှသာ ကုသမှုခံယူရန် ဖြစ်ပါသည်။

**(၅) မျက်မှန်ပါဝါ အမြဲတိုးနေသူများ** (Progressive Myopia)

ထိုသူများတွင် အကြောင်းအမျိုးမျိုးကြောင့် မျက်လုံး တဖြည်းဖြည်းရှည်လာခြင်း (Progressive Axial Length) သဘောရှိသဖြင့် မျက်မှန်ပါဝါ အမြဲတိုးနေတတ်သည်။ မျက်မှန်ပါဝါတည်ငြိမ်မှု မရှိသောကြောင့် လေဆာဖြင့် အမြင်ဆိုင်ရာ မျက်စိခွဲစိတ်ကုသမှုပြု၍မရပါ။



### အကြံပြုချက်

အမြင်အာရုံ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်သည် မျက်မှောက်ခေတ် လူနေမှုပုံစံများကြောင့် မျက်စိကျန်းမာရေးကောင်းနေသူများ အကြားတွင်ပင် ၉၀ ရာခိုင်နှုန်းကျော်မျှရှိနေသည်ဖြစ်ရာ ထိုသူများအားလုံးအား လေဆာဖြင့် အမြင်ဆိုင်ရာ ခွဲစိတ်ကုသမှုပြု၍ အမြင်အာရုံ တိုးတက်ကောင်းမွန်စေရန် ပြုပြင်၍ရသည် မဟုတ်ပေ။ လေဆာဖြင့် မျက်မှန်ပါဝါဖျောက်ရာတွင် ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ စက်ကိရိယာကောင်းမွန်အဆင့်မြင့်ရန် မဖြစ်မနေလိုအပ်ခြင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံ များစွာလိုအပ်ခြင်းတို့ကြောင့် မလွန်ကဲသော (ပျမ်းမျှ) မျက်မှန်ပါဝါမျိုး ဖြစ်ပါက ပုံမှန်မျက်စိစမ်းသပ်စစ်ဆေး၍ မျက်မှန်တပ်ခြင်း သို့မဟုတ် မျက်ကပ်မှန်အသုံးပြုခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ မိမိ၏ အမြင်အာရုံစစ်ဆေးခြင်း၊ အမြင်အာရုံ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်းများ ပြုလုပ်လိုပါက သက်ဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အချိန်ယူတိုင်ပင်၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

*Ref; https://visioneyeinstitute.com.au/eyematters/everyone-suitable-laser-eye-surgery*

## လူကုန်ကူးမှုခင်းများ ပူးပေါင်းစစ်ဆေးရာတွင် လွယ်ကူလျင်မြန်ရေးသင်တန်းဖွင့်

**တာချီလိတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ခရိုင်ရဲတပ်ဖွဲ့အတွင်းရှိ မြို့နယ်ရဲစခန်းများမှ အမှုစစ်အရာရှိများနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအကြား လူကုန်ကူးမှုခင်းများ ဆောင်ရွက်ရာ၌ အဆင်ပြေလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး လူကုန်ကူးမှုခင်းများ ပူးပေါင်းစစ်ဆေးရေး လမ်းညွှန်သင်တန်းကို ဇူလိုင် ၁၀ ရက် နံနက်က ပါလျံဝန်ထမ်းအိမ်ရာရှိ အောင်ဇေယျခန်းမ၌ ကျင်းပသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူးတို့က မှုခင်းအတွေ့အကြုံများ အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက လူကုန်ကူးမှု အင်္ဂါရပ်သုံးရပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ တရားစွဲဆိုပုံအဆင့်ဆင့်၊ အမှုမဖွင့်မီနှင့် အမှုဖွင့်လှစ်ပြီး victim များ စောင့်ရှောက်ထားရှိမှု အခြေအနေများ၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးမှု အခြေအနေများ၊ ပူးပေါင်းစစ်ဆေးရေး လမ်းညွှန်ချက်ပါ အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားစစ်ဆေး

**မယ်စဲ့ ဇူလိုင် ၁၂**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဇူလိုင် ၁၁ ရက် နံနက်က မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဗိုလ်ဆွန်ပက်လမ်းရှိ Box Culvert တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်ခန်းမဝင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဗိုလ်မင်းရောင်လမ်း မြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်း၊ မြို့မဘုန်းတော်ကြီးကျောင်းအဝင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးဝင်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ မယ်ဆည်နမ်ကျေးရွာ လှိုင်မောင်းလောင်းတောင် ကွန်ကရစ်ခင်းခြင်းတို့ကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနမှ သတ်မှတ်ထားသော အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝေလင်း**

**ဒုတိယညွှန်ကြားရေးမှူး**

**အသက်(၅၉)နှစ်**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝေလင်းသည် ၁၁-၇-၂၀၁၈ ရက်နေ့ ည ၁၀း၄၀ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်မောင်း(ခ)ဦးအောင်မြင့် (၇၈)နှစ်

**(ဆင်တောင်ကြီးစာပေ)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်းအောက်လမ်း၊ အမှတ် (၄၁)၊ မြေညီထပ်နေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်သီတာ၊ ဒေါ်နီလာ (သီတာ၊နီလာစာပေ)၊ ဒေါ်ခိုင်ခိုင်နှင်း (ဗိုလ်ချုပ်ဈေး)၊ (ကိုရန်နိုင်)၊ မခိုင်ဇင်ဦး (ခိုင်ဇင်ဦးစာပေ)၊ ကိုဟန်မင်းလွင်-မသင်းသင်းခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး ဦးအောင်မောင်း(ခ)ဦးအောင်မြင့်သည် ၁၁-၇-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ ၁၃-၇-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအုန်း**

**အသက် (၉၁) နှစ်**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ဥက္ကဋ္ဌ (ငြိမ်း)၊ F.R.E.D.A**

ဦးအုန်း (ညွှန်ကြားရေးမှူး -ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအုန်း (ကမ္ဘာမြေချစ်သူ) (သစ်တော)**

**အသက်(၉၁)နှစ်**

ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေ၊ ၁၉၈၂-၈၃ မြန်မာစာအဓိကကျောင်းသားဟောင်းများအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မြအုန်း၏ ဖခင် ဦးအုန်း ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေ၊**
**၁၉၈၂-၈၃ မြန်မာစာအဓိကကျောင်းသားဟောင်းများအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှကြည် (အမရပူရမြို့)**

**အသက် (၈၁) နှစ်**

သူငယ်ချင်း ဒေါက်တာမြင့်ဦး-ဒေါ်ချောစုမြတ်(ကြည်ပြာကြက်မွေးမြူရေးနှင့် အစာရောင်းဝယ်ရေး၊ အမရပူရမြို့)တို့၏မိခင်ကြီး ဒေါ်လှကြည်သည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1982-91 Batch B.V.Sမှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

လေးစားခင်မင် ရင်းနှီးသော ကိုရဲလွင် (မဖွှိမလှိုင်း) ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းနှမြောခြင်းဖြစ်ရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးဝင်းဖေ၊ မီမီဝင်းဖေ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မောင်း(ခ)ဦးအောင်မြင့်**

**ဆင်တောင်ကြီးစာပေ**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အမှတ်(၄၁)နေ ဦးအောင်မြင့် (ဆင်တောင်ကြီးစာပေ)သည် ၁၁-၇-၂၀၁၈ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်မြင့်-ဒေါ်အေးအေးသိန်း**
**နုယဉ်စာပေ၊ မိတ္ထီလာမြို့**

---

## ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ကြေကွဲဝမ်းနည်းခြင်း

**ဒေါ်အေးအေးအောင် (တရားလွှတ်တော်ရှေ့နေ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖယားလမ်း၊ အမှတ်(၅၉)၊ လေးလွှာနေ ကျွန်တော်နှင့် ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်ရပါသော ဦးမျိုးရွှေ(အထက်တန်းရှေ့နေ)၏ ဇနီး၊ မမြတ်နိုးမေ နှင့် မမြတ်နိုးဝေတို့၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်အေးအေးအောင်(B.Sc.H.G.P.R.L. D.B.L, တရားလွှတ်တော်ရှေ့နေ၊ စဉ်-၅၀၃၆/၁၉၈၉)သည် ၉-၇-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးမိုးထွန်း (စဉ်-၁၈၈၂/၈၀)**
**(B.A, Eco, H.G.P.,R.L)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**
**အမှတ်(၄၀/၄၂)၊ မြေညီထပ်၊ (၁၆)လမ်းတိုနှင့်**
**ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

# အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဖြူဖြူဝင်း (ခ) ကေ့ကင်မိန်း (ဒိုက်ဦး)

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၉)နေ (တန်လျော့ကီး-အုံဖိုတို)တို့၏သမီးချွေးမ၊ (ဦးစံ-ဒေါ်ငြိမ်းကြည်)တို့၏သမီး၊ဦးအောင်မြင့်(ခ)တန်အင်စိုက်၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်ခင်ဝင်းမြင့်၊ ဦးမျိုးမြင့်-ဒေါ်ခင်မေအေး၊ Dr.ဦးတင်ထွန်း-ဒေါ်မြင့်မြင့်ထွေးတို့၏မိခင်၊ (ဦးခင်မောင်ဝင်း-ဒေါ်ခင်မြင့်)တို့၏ညီမ၊ ဦးကြီးမြင့်-ဒေါ်အေးမြင့်တို့၏အစ်မ၊ တူ/တူမ ၁၇ ယောက်တို့၏အဒေါ်၊မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ဖြူဖြူဝင်း (ခ) ကေ့ကင်မိန်းသည် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၄း၄၀ နာရီတွင် ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီရှောင်ကသ်အလီ (ခ) ဟာဂျီဦးသန်းလွင်

**အသက်(၇၄)နှစ်**

**(ရန်ကုန်မြို့)**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်ရွာမနေ (ဟာဂျီဦးဟာမန်-ဟာဂျီမဒေါ်ရှရီဖွာ)တို့၏သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နေ [ဦးထွန်းအေး-ဒေါ်ခင်ညို (သတင်းစာကိုယ်စားလှယ်ဟောင်း)] တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၇)လမ်း၊ အမှတ် (၂၇)နေ ဟာဂျီမ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ (ဦးဇော်မင်းနောင်)-IKA(ခ)မအိ၊ ဦးဇော်မင်းအောင်-ဒေါ်ရဟီမာ၊ ဒေါ်ခင်ဆွေလတ်၊ ဦးဇော်မင်းလတ်-ဒေါ်နွယ်နွယ်ဝင်းတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဟာဂျီ ရှောင်ကသ်အလီ (ခ) ဟာဂျီ ဦးသန်းလွင်သည်၁၁-၇-၂၀၁၈ရက် ည၁၀း၁၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံသွားပါသဖြင့် ၁၂-၇-၂၀၁၈ ရက် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ် စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းမြင့်(ကိုဝင်း)

**အသက်(၇၁)နှစ်**

**Ex (R.O) PIL**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၁၄၆)၊ လေးလွှာ၊ ရန်ကုန်အင်းစိန်လမ်း (သံလမ်းမှတ်တိုင်အနီး)နေ (ဦးစောမောင်-ဒေါ်စုစု)တို့၏သား၊ (ဦးသတိုးအောင်-ဒေါ်လှကြီး)တို့၏သားသမက်၊ ဒေါ်ညွန့်မေ(ဂျပန်ဘာသာသင်တန်း) ၏ ခင်ပွန်း၊ [ဒေါ်ရီရီသန်း(လူမှုဝန်ထမ်းဌာန)]၏မောင်၊ ဦးမြင့်ဦး(ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်ရီရီမြင့် (ဘေဘီ)၏အစ်ကို ဦးဝင်းမြင့်သည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဖေကြိုင် (၉၆)နှစ်

**လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းဒုတိယပတ်**
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၆)၊ တိုက်(၂၆၀)၊ အခန်း(၇)နေ (ဦးကျော်ထွန်းဦး-ဒေါ်မြမေ)တို့၏သား၊ (ဒေါ်အုန်းကြည်)၏ခင်ပွန်း၊ ဦးမောင်မောင်အေး-ဒေါ်သီသီကြိုင်၊ ဦးငွေဝင်းမောင်-ဒေါ်ရီရီကြိုင်၊ ဦးလှစိုး-ဒေါ်နီနီအုန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်သက်(ငြိမ်း)-ဒေါ်ဥမ္မာကြိုင်၊ (ဦးထွန်းအောင်ကျော်)-ဒေါ်အိမ်ကြည်မိုးတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးပီဂျီပတ်(ခ်)U P.G Park (၉၁)နှစ်

**ဒု-စက်ရုံအုပ်ကြီး (တောင်ငူ-ငြိမ်း)**
**မြန်မာ့မီးရထား**

ရန်ကုန်မြို့၊ အမှတ်(၄၂)၊ ကျိုက်လတ်လမ်း၊ စမ်းချောင်းမြို့နယ်နေ (Mr. Charlie William Park)၊ (Mrs. Ruby Park)တို့၏ သား၊ (Mrs. Priscilla Burke)၏ ခင်ပွန်း၊ အမေရိကန်နိုင်ငံနေ Mrs. Isabel Gebherb-Mr. John Gebherb၊ Daw Marie Celine Park-U Edward Thaung တို့၏ ချစ်လှစွာသောဖခင်၊ Sweety-Ko Khin Mg Win၊ Pinky-Kitto၊ Rosettan Ann တို့၏ အဘိုး၊ မြစ်- Sophie၊ Fiz၊ Honey၊ Ronnie၊ Charlie တို့၏ ဘိုးဘိုးသည် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် မြေနီကုန်း Fatima Church ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင် မြှုပ်နှံသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နွဲ့ယဉ် (၈၁)နှစ်

**(စစ်ကွင်း၊ ကျန်းမာရေးဆရာမကြီး)**

ပဲခူးတိုင်းအနောက်ပိုင်းခရိုင်၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ အညာတန်းနေ (ဦးမောင်တင်-ဒေါ်စောခင်)တို့၏ သမီး၊ (ဦးတင်အောင်)၏ ဇနီး၊ ရွှေပေါက်ကံမြို့သစ်(၁၆/၉၁၂)၊ ဦးပုညလမ်းနေ ဦးအောင်မင်းစိုး-ဒေါ်ခင်မိမိတို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မောင်အောင်ကောင်းမင်း၊ မောင်မင်းသုခ တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်နွဲ့ယဉ်သည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဦး (ဟသ်ာတ)

**အသက်(၇၆)နှစ်**

**ဦးစီးအရာရှိ (ငြိမ်း)**
**သမဝါယမဦးစီးဌာန**

(ဦးအေးချို-ဒေါ်တင်စိန်)တို့၏ သား၊ ဒေါ်ခင်ညြဆွေ ၏ ခင်ပွန်း၊ ဦးရန်မျိုးအောင်၊ ဒေါ်ခင်ထားဦး၊ ဦးမျိုးမျိုးသိန်း-ဒေါ်မို့မို့ဦး၊ ဦးရဲနိုင်-ဒေါ်ခင်သက်ဦး၊ ဦးနေမျိုးအောင်-ဒေါ်အေးအေးမော် တို့၏ဖခင်သည် ၁၁-၇-၂၀၁၈ ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သင်းကြည် (၇၅)နှစ်

**B.Ed (1964-69) Batch**

**အထက(ထိန်တော၊မယ်ဇလီကုန်း၊နေ့ဖြူကွတ်ခိုင်၊ ပဲခူး-၁၊တောင်တွင်းကြီး-၂)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ်(၁၁/ဘီ)၊ မြေညီထပ်နေ (ဦးသင်းမောင်-ဒေါ်သန်းကြည်)တို့၏ သမီးကြီး၊ ဒုရဲမှူးခင်ဇော်(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်အေးစီ၊ (ဦးသိန်းဝင်း)-ဒေါ်တင်တင်နွယ်၊ ဒေါ်ခင်သန့်ဇင်၊ ဦးခင်ဝင်း-ဒေါ်ခင်နွယ်တင်တို့၏အစ်မ၊ ဒေါ်သူဇာငြိမ်း၊ ဦးသူရသင်းဇော်(ဒုခရိုင်ဥပဒေအရာရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး)-ဒေါ်အိအိဖြိုး(ဒုတိုင်းဒေသကြီး ဥပဒေအရာရှိပဲခူးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး)၊ ဦးမျိုးသီဟ(MD, Effective Techno Engineering Co.,Ltd)-ဒေါ်မြတ်စန္ဒီသင်းဇော်(အကြီးတန်းသတင်းထောက်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့သတင်းစဉ်)တို့၏မိခင်၊ မောင်ရှင်းသန့်၊ မောင်ဟိန်းစွမ်းသူ၊ မောင်ဖိုးသန့်၊ မောင်ဖိုးခန့်တို့၏ချစ်လှစွာသောအဘွား၊ မောင်ဇော်ပြည့်မှူး၊ မအေးချမ်းဖြူတို့၏ကြီးကြီးသည် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်းတင်

**(ကျုံပျော်)**

**အထပြ-ငြိမ်း၊ အထက(၁)ဒဂုံ**

**အသက်(၈၉)နှစ်**

ကျုံပျော်မြို့နေ (ဦးတင်-ဒေါ်မမကလေး)တို့၏သမီး၊ [ဦးတင်အုံး (ဗဟိုတရားရုံးချုပ်-ငြိမ်း)]၏ ညီမ၊ [ဦးကြည်ထွန်း(F.A.O, BKK-ကမ္ဘာ့စားနပ်ရိက္ခာ)]၏ ဇနီး၊ ဒေါ်စုလေးမေ (Webster Univ Thailand)၊ ဦးမျိုးသန့်ထွန်း၊ ဦးဝင်းမျိုးသန်း-ဒေါ်ဇင်မာအေး တို့၏ မိခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်သန်းသန်းတင်သည် ၃-၅-၂၀၁၈ ရက် နံနက် ၅း၁၅ နာရီတွင် Samitivej Srinakarim ဆေးရုံ BKK,Thailand ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၈ ရက်တွင် Wat Kraisi (Wat Noi)၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟနှင့် တပည့်ဟောင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးအောင်ကျော်မြင့်(၆၂)နှစ်

**ဌာနစုမှူး(ငြိမ်း)**
**မော်တော်ယာဉ်စက်ပြင်ဌာန**
**ဓနိတော**

သန်လျင်မြို့နေ (ဦးအေးမောင်-ဒေါ်လှကြည်)တို့၏ သား၊ (ဦးလှမောင်-ဒေါ်သန်းမြ)တို့၏ သားသမက်၊ ဒေါ်လှလှငွေ(မူမူ)၏ ချစ်လှစွာသောခင်ပွန်း၊ သောမတ်စ်ဟိန်းထက်အောင်(ဖိုးခွား) (Post. Mandalay မီဒီယာကုမ္ပဏီ)၏ ချစ်လှစွာသောဖခင် ဦးအောင်ကျော်မြင့်သည် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် သန်လျင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ ၄၅/A၊ လမ်း ၅၀ အောက်နေအိမ်၌ နံနက် ၉း၃၀နာရီနှင့် သန်လျင်မြို့ အထက-၃၊ ကျောင်းရှေ့ထိပ်တို့မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ပရမ မထေရ်(ဓမ္မာစရိယ၊ ထမ္မနိုင်)

**သိက္ခာတော်(၅၅) ဝါ၊ သက်တော်(၇၅) နှစ်**

**စံကျောင်းတော်ချ အန္တိမ အဂ္ဂိစျာပနကျင်းပပူဇော်မည့်နေရာ ပြောင်းလဲကြေညာခြင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်း ၉/မြောက်ရပ်ကွက်၊ ရွှေနားပန်ပရိယတ္တိစာသင်တိုက်နှင့်သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁၈)ရပ်ကွက်၊ သီဟိုဠ်ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပရမ မထေရ် သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅) နှစ်သည် ၃-၇-၂၀၁၈ (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် စံကျောင်းတော်ချ ပူဇော်ခြင်းကို (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလကွယ်နေ့) ၁၂-၇-၂၀၁၈(ကြာသပတေးနေ့) နှင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်) ၁၃-၇-၂၀၁၈ (သောကြာနေ့)များတွင် ကျင်းပပြီး အန္တိမ အဂ္ဂိစျာပန ပူဇာအခမ်းအနားကို (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်) ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့၊ သီဟိုဠ်ကျောင်းတိုက်အတွင်း၌ အဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါကြောင်း။ (မွန်းတည့် ၁၂နာရီတွင် တရားနာပြီး ရန်ကုန်သဃ်န်းကျွန်း၊ ရွှေနားပန် ပရိယတ္တိစာသင်တိုက်မှကားများ နံနက် ၉ နာရီတွင် သန်လျင်မြို့ သီဟိုဠ်ကျောင်းသို့ ပို့ဆောင်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဦးဝိမလ (ဦးလှိုင်ဘွား)

**သိက္ခာတော်(၆)ဝါ၊ သက်တော်(၅၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅၈/2B) နေ (ဦးဗိုလ်သန်း)-ဒေါ်မြိုင် တို့၏ သား၊ (ဦးဝင်းမောင်)-ဒေါ်သန်းသန်းနွဲ့၊ (ဦးမောင်ဝင်း)-ဒေါ်ခင်စန်းဝေ၊ (ဦးတင်မောင်ဝင်း)၊ (ဦးတောင်ကြီး)-ဒေါ်ညိုညိုခင်၊ ဒေါ်စုစုခင်တို့၏မောင်၊ ဦးထွေးအောင်-ဒေါ်ကေသီရွှေ၊ ဦးမင်းဟိန်း-ဒေါ်ချိုသိမ့်မိုး၊ ဦးစိုးထိုက်-ဒေါ်မိုးကလျာဦး၊ ဦးသန်းဦး-ဒေါ်သင်းသင်းလှိုင်၊ ဦးကောင်းမြတ်ထွန်း-ဒေါ်ခင်မြတ်ကြွယ် တို့၏အစ်ကို၊ တူ/တူမ ၁၉ယောက်တို့၏ ဦးလေး၊ မြေး ၁၂ ယောက် တို့၏ အဘိုးသည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ စမ်းချောင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသန်း (၉၈)နှစ်

**စိန်ခရမ်းချဉ်ယို**

**ပျဉ်းမနားမြို့၊ စက်ရုံကျောင်းဒါယိကာမကြီး**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၁၂/၄) နေ (ဦးအဲယာ)၏ ဇနီး၊ (ဦးအောင်ခင်-ဒေါ်နှင်းကြည်)၊ ဗိုလ်မှူးချုပ်ဟောင်း ဦးသန်းထွန်း-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးမြကြွေ (မီးရထား-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း (လမ်းပြကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ တူ/တူမသုံးယောက်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြသန်းသည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ ရက်တွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးသိန်းစံ (နိဗ္ဗာန်ရွာ) (၉၂)နှစ်

**MEIS(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ နိဗ္ဗာန်ရွာနေ (ဦးမောင်ကြီး-ဒေါ်စောမေ)တို့၏ သား၊ ရွှေပြည်သာမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၁၆၄/က) နေ ဒေါ်သောင်းစိန် ၏ ခင်ပွန်း၊ ဦးလွင်ဦးမောင်[လ/ထ ညွှန်မှူး မကွေးတိုင်း မိုး/ဇလ]-ဒေါ်သီဂီမင်း(လေကြောင်းဦးစီးဌာန)၊ ဦးကျော်နိုင်စိုး(ရှေ့နေချုပ်ရုံး)-ဒေါ်ရီရီနိုင် (ပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ဒေါ်ခင်မျိုးသိန်း တို့၏ ဖခင်ကြီး၊ မောင်သက်ပိုင်ကျော်၊ မဖြူစင်သက် တို့၏အဘိုး ဦးသိန်းစံသည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့)တွင် ရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်လှ(CG Myanmar)

**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၅၁)နေ ဦးခင်မောင်ချို(MCC)-(ဒေါ်အုန်းမြင့်)တို့၏သား၊ [ဦးသိန်းမြင့်-ဒေါ်ညွန့်တင်(ပေါင်းတလည်)]တို့၏သားသမက်၊ (ဒေါ်ချိုချိုမာ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းအေး(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး)၊ ဦးကျော်သူမောင်(MOB Bank)-ဒေါ်အေးအေးနွယ်(Myawaddy Bank)၊ ဗိုလ်ကြီးရန်လင်း(Innwa Bank)-ဒေါ်ချိုဝါဦး၊ ဦးကျော်ခိုင်(ရေနံဓာတု)-ဒေါ်ခင်မေသင်း(အလက-၂၊ ဒဂုံ)တို့၏အစ်ကို၊ ဇော်မင်းသူ(D & G 9 Co.,Ltd)-အိအိချို(The table & Chair Co.,Ltd)၊ သျှားသီဟမောင်-ချိုဇင်လတ်၊ ကျော်ကျော်ထွန်း(Asia Mega Link Co.,Ltd)-မြတ်စုချို(FPB)၊ ခန့်ညားနိုင်တို့၏ဖခင်သည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (တာမွေမြို့နယ်၊ ၁၆၄ လမ်း၊ အမှတ်-၈၃/A၊ ဒုတိယထပ်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးအေးသက်(ခ)ဘေဘီ (၅၅)နှစ်

**(သုဝဏ္ဏ) (B.A Geography)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ မီးဒုံး(၁)လမ်း၊ တိုက်(၁၀၈)၊ အခန်း(၆)နေ [ဦးစိုးဝင်း(ဦးစီးအရာရှိ-ငြိမ်း၊ ပြည်တွင်းအခွန်)]-ဒေါ်စောရီတို့၏ သမီး၊ (ဦးသက်ဦး)၊ (ဦးစိန်လင်း)တို့၏ညီမ၊ ဦးလွင်ဦး (ဒု-အ. က. ခ မှူး၊ ငြိမ်း)-ဒေါ်မာမာသိန်း(လ/ပ ဆရာမ-ငြိမ်း၊ B.Sc-Phy)၊ ဦးမောင်မောင်ဦး (C/O Haisoon Shipping Co.,Ltd)-ဒေါ်ငွေငွေဝင်း(B.A-Geography)၊ ဦးရန်နိုင်မိုး(ဒု-အ. က. ခ မှူး၊ ငြိမ်း)တို့၏အစ်မ၊ မောင်လင်းမြတ်ဟိန်း(B.E-Mechanical)၏ကြီးမေသည် ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၀၀း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဒုတိယနေ့ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။**

**အစိုးရအစုအဖွဲ့**အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ UPDJC အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဦးသန့်စင်မောင်၊ နိုင်သက်လွင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ညီလာခံလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေက နိုင်ငံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက စီးပွားရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက လူမှုရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဟန်က လုံခြုံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ အဆိုပြုလွှာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

လွှတ်တော်အစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင် ဦးခွန်မောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဒုတိယနေ့တွင် အစိုးရအစုအဖွဲ့အစည်းအဝေး ကျင်းပစဉ်။

## အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ထိုင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်

**ပလန်ဘမ် ဇူလိုင် ၁၂**

၂၀၁၈ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းက ထိုင်း ယူ-၁၉ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

အာဆီယံ ယူ-၁၉ ပြိုင်ပွဲ(အချို့နှစ်များတွင် ယူ-၁၈ နှင့် ယူ-၂၀ ပြိုင်ပွဲအဖြစ် ကျင်းပ) ခေတ်ဦးကာလတွင် အောင်မြင်မှုများ ဆက်တိုက်ရခဲ့သည့် မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်တွင် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်ပြီး ၁၃ နှစ်အကြာတွင် ပြန်လည်တက်ရောက်ခွင့်ရခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုတွင် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် ရုန်းကန်ခဲ့ရသော်လည်း နာမည်ကြီး လက်ရှိချန်ပီယံ ထိုင်းအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ပြည့်စုံနိုင်တို့ဖြင့် လူစုံခဲ့ပြီး ထိုင်းအသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**



***မြန်မာအသင်းသားများ ထိုင်းအသင်းကို အနိုင်ယူပြီး အောင်ပွဲခံနေစဉ်။***

## အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ မြန်မာ(က)အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်အနိုင်ရ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပရာ မြန်မာ(က)အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ ထိုင်းအသင်းက မြန်မာ(ခ) အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် မလေးရှားအသင်းနှင့် ထိုင်းအသင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာ(က)နှင့် (ခ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဗိုလ်လုပွဲကစားရမည်**

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းက (က)နှင့် (ခ)အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပပြီး အဆင့်(၁)နှင့် (၄)၊ အဆင့်(၂)နှင့် (၃)ဆီမီးဖိုင်နယ်ပြန်လည်ကစားကာ အနိုင်ရသည့်အသင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မြန်မာလူငယ်(က)အသင်းတွင် ကစားသမားများအဖြစ် ရထိုက်ဝေ၊ ဇော်ထက်အောင်၊ လှိုင်ဝေကျော်၊ ထက်လင်းအောင်၊ မျိုးထက်ဦး၊ ခိုင်ထက်ထွန်း၊ ကျော်ဝင်းလှိုင်၊ သော်တာလင်း၊ စောနီရိုး၊ တင့်နိုင်ဝင်း၊ မျိုးမြင့်အောင်နှင့် ရှိုင်းလင်းအောင်တို့ ပါဝင်သည်။ မြန်မာလူငယ်(ခ)အသင်းတွင် ကစားသမားများအဖြစ် မင်းခန့်အောင်၊ ဇင်ထွဋ်အောင်၊ စောရိန်ဘိုး၊ စိုင်းမွန်မြတ်ထူး၊ ဇေယျာဝင်း၊ အောင်ကျော်ဇော၊ အောင်ကျော်ငွေး၊ မောင်မောင်မြင့်ကြွယ်၊ ဖြိုးမင်းသာ၊ ကောင်းမြတ်သူ၊ မင်းသက်ဝေနှင့် နေထက်ကိုတို့ ပါဝင်ကြသည်။

**ရဲရင့်ရှိုင်း**

Investment Guarantee Estate Show

ဤပွဲတွင် Condo ဝယ်ပါက 20% Discount ရမည့်အပြင်..
ချက်ချင်း နေလို့ရ / ငှားလို့ရပြီး..(၂)နှစ် ကြာလျှင် 20% အမြတ်ရမို့
အာမခံတယ်ဆိုတော့..wow amazing

09-254 882 388, 09-775 509 172, 09-775 509 173

14 & 15 July - 2018 (Sat & Sun) " Myanmar Culture " ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှေ့။ (9:00 am) to (6:00 pm)